# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၃၄၈)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ ကြာသပတေးနေ့။


## မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

**ပြည်သူ့လွှတ်တော် အစည်းအဝေး**

## သစ်ထုတ်လုပ်ခြင်းကိုလျှော့ချထိန်းသိမ်းဆောင်ရွက်သကဲ့သို့ တရားမဝင်သစ်ဖမ်းဆီးရေးကိုလည်း ဆောင်ရွက်လျက်ရှိ

စာ » ၇

**အမျိုးသားလွှတ်တော် အစည်းအဝေး**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နာဂစ်ကွန်ရက်လမ်းများကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများဆောင်ရွက်သွားမည်

စာ » ၇



ဘုရင့်နောင်တံတား အမှတ်(၂) သံပေါင်တပ်ဆင်ရန် ဘုရင့်နောင်ဘက်ကမ်း RP2 နှင့် RP3 ကြားတွင် တစ်ခန်း၊ လှိုင်သာယာဘက်ကမ်း RP4 နှင့် RP 5 ကြားတွင် တစ်ခန်း စုစုပေါင်းနှစ်ခန်း သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးနေမှုကိုတွေ့ရစဉ်။ ဓာတ်ပုံ-တင်လှ

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဩဂုတ်လတွင် နိုင်ငံခြားပညာသင်ဆု ၃၆၀ အတွက် သင်တန်းသား ၁၃၉၁ ဦး စေလွှတ်ရန် ခွဲဝေပေးထား

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံ့တာဝန်ကို နိုင်ငံတော်သမ္မတကြီး စတင်တာဝန်ယူချိန်မှစ၍ မြန်မာနိုင်ငံတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရား တိုးတက်ကောင်းမွန်အောင် ပြုပြင် ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုများကို မဟာဗျူဟာလုပ်ငန်းစဉ်များချမှတ်ပြီး ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံခြားရေးမူဝါဒသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို အခြေခံပြီး နိုင်ငံအားလုံးနှင့် ရင်းနှီးသည့် မိတ်ဝတ်မပျက် ဆက်ဆံရေးကို ထူထောင်မည်ဆိုသည့် မူဝါဒအပေါ် မူတည်၍ သံခင်း၊ တမန်ခင်း၊ အပြည့်အဝအကောင်အထည်ဖော်သည့်အတွက် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။

ထို့ကြောင့် နိုင်ငံတကာဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အားပေးထောက်ခံခြင်း၊ စီးပွားရေးပိုင်းအပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အရည်အသွေးမြှင့်တင်ရေးတို့တွင် ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) ဆက်လက်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၄ ရာသီ MNL Myanmar အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၁)ကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ်(၂၁)အဖြစ် စက်တင်ဘာ ၁၉ ရက်တွင် သုဝဏ္ဏကွင်း၌ ဆောက်သမ်းနှင့် မနောမြေ၊ စက်တင်ဘာ ၂၀ ရက်



ကမ္ဘောဇနှင့် ရန်ကုန်တို့ ပထမအကျော့က တွေ့ဆုံခဲ့စဉ်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

တွင် YUSC ကွင်း၌ ရန်ကုန်နှင့် ကမ္ဘောဇ၊ အောင်ဆန်းကွင်း၌ ဇေယျာရွှေမြေနှင့်မကွေး၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုတစ်ပတ်ပွဲစဉ်များတွင် MFF Cup ရှုံး/ထွက် ဗိုလ်လုပွဲကြောင့် လေးပွဲသာကစားရမည်ဖြစ်ပြီး ရတနာပုံ-ဧရာဝတီပွဲစဉ်၊ နေပြည်တော်-ဇွဲကပင် ပွဲစဉ်များကို ကြိုတင်ပွဲအဖြစ် ဩဂုတ်လကတည်းက ယှဉ်ပြိုင်ကစားထားပြီးဖြစ်သည်။

ပွဲစဉ် (၂၀) အပြီးတွင် ရတနာပုံအသင်းက (၂၁)ပွဲကစား ၅၀ မှတ်ဖြင့်ချန်ပီယံဆုကို ပွဲစဉ်မကုန်မီ ဆွတ်ခူးထားနိုင်ခဲ့ပြီးဖြစ်သည်။ ရန်ကုန်အသင်းက ပွဲ ၂၀ ကစား၊ ၄၃ မှတ်ဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ ●

### ယနေ့ မာတိကာ


ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရန် သဘောတူ စာ ၄
လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ် မီးလန့် စာ ၅
ရီးရဲမက်ဒရစ်ဂိုးပြတ်နှင့် ချန်ပီယံလိဂ်ဖွင့် စာ ၁၃


**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နိုင်ငံတစ်ဝန်း လျှပ်စစ်မီးလင်းရေးရည်မှန်းချက်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ကား လျှပ်စစ်ဓာတ်အား ရရှိရေးအပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ နေအိမ်တိုင်း လျှပ်စစ်မီးရရှိသုံးစွဲလာနိုင်သည်နှင့်အမျှ လူမှုဘဝများတိုးတက်လာမည်ဖြစ်သကဲ့သို့ အသေးစား၊ အလတ်စားစက်မှုလက်မှု လုပ်ငန်းများလည်း ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံ၌ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်မီးလင်းရေး ရည်မှန်းချက်ထားရှိကာ ရေအားလျှပ်စစ်သာမက နေအား၊ လေအားတို့မှလည်း လျှပ်စစ်ဓာတ်အားများ ထုတ်ယူဖြန့်ဖြူးပေးနိုင်ရေး စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်၌ စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပသော စတုတ္ထအကြိမ်မြောက် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် အလုပ်ရုံဆွေးနွေးပွဲ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက "၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ထောင်စုအားလုံးအတွက် လျှပ်စစ်ဓာတ်အား ပေးနိုင်ရေး ရည်မှန်းချက်ထားပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို ရေးဆွဲရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ရည်မှန်းထားသည့်အတွက် ယခုမှစပြီး နောင် ၁၆ နှစ်တာကာလအတွင်း အိမ်ထောင်စုပေါင်း ၇ ဒသမ ၂ သန်းခန့်ကို လျှပ်စစ်ဓာတ်အား ထပ်မံတိုးချဲ့ ဆက်သွယ်ပေးရမှာဖြစ်ကြောင်း၊ လွန်ခဲ့သောသုံးနှစ်တာကာလကဖြစ်သည့် ၂၀၁၁ ခုနှစ်တွင် စုစုပေါင်းအိမ်ထောင်စုဦးရေ၏ ၂၇ ရာခိုင်နှုန်းဖြစ်သည့် အိမ်ထောင်စုပေါင်း ၂ ဒသမ ၄၂ သန်းသာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်စာရင်းအရ အိမ်ထောင်စု ၃ ဒသမ ၀၁ သန်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီဖြစ်သည့်အတွက် ၃၃ ရာခိုင်နှုန်းအထိတိုးတက်လာပါကြောင်း၊ ယခင် ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင်သာ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ခဲ့သော်လည်း ယခုအခါတွင် ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးကောင်းနှင့် မိုးညှင်းမြို့များ၊ ချင်းပြည်နယ်ရှိ ဟားခါးမြို့၊ ရှမ်းပြည်နယ်ရှိ မိုင်းရယ်၊ တန့်ယန်း၊ မိုင်းနောင်နှင့် ကွန်ဟိန်းမြို့များ၊ ရခိုင်ပြည်နယ်ရှိ တောင်ကုတ်၊ သံတွဲမြို့များသို့ National Grid မှ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် တရုတ်နိုင်ငံတို့သည် တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရန် ဆယ်စုနှစ်နှစ်ခုအတွင်း ဆောင်ရွက်နိုင်ခဲ့သည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံးမီးလင်းရေးကို ၁၆ နှစ်အတွင်း ဆောင်ရွက်သွားရန် မျှော်မှန်းထားသည်။ နှစ်စဉ် လျှပ်စစ်ဓာတ်အားဆက်သွယ်တပ်ဆင်မှုကို နှစ်ဆခန့်တိုးမြှင့်ဆောင်ရွက်သွားနိုင်လျှင် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ရည်မှန်းချက်ပြည့်မီရန် မျှော်မှန်းထားသည်။

ထိုသို့ ဓာတ်အားလိုင်းများ တိုးချဲ့ဆောင်ရွက်ရာတွင် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပထမအဆင့်အနေဖြင့် လူဦးရေထူထပ်ပြီး National Grid နှင့်နီးသော မြို့ရွာများ၌လည်းကောင်း၊ ဒုတိယအဆင့်အဖြစ် ဝေးလံဒေသများသို့လည်းကောင်း၊ တတိယအဆင့်အဖြစ် လူနေကျဲပြီး သွားလာရေးခက်ခဲသည့် ဒေသများ၌လည်းကောင်း အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်ကဲ့သို့သော အဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေ အစရှိသဖြင့် နည်းပညာအကူအညီများရယူဆောင်ရွက်သွားမည်ဖြစ်၍ ပြည်သူများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

## ပြည်တွင်းသတင်း

# သဟဇာတဖြစ်သည့်လူ့အဖွဲ့အစည်းပေါ်ထွန်းလာစေရေး ညှိနှိုင်းဆောင်ရွက်နေမှုဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၆

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Dom Scalpelli သည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီက ယင်းဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံခဲ့သည်။**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် (WFP)တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် လိုအပ်ချက်ရှိသည့် ပြည်သူများအတွက် စားနပ်ရိက္ခာထောက်ပံ့ပေးနေမှုများ၊ ရခိုင်ပြည်နယ်အတွင်း လိုအပ်ချက်ရှိဆဲဖြစ်သည့် နှစ်ဖက်ဒုက္ခသည်များကို ရခိုင်တုံ့ပြန်ရေးအစီအမံအရ မျှမျှတတ ဆက်လက်ထောက်ပံ့ပေးရေးဆိုင်ရာ အခြေအနေများ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တိုးတက်ဖြစ်ထွန်းလာသည့် စားနပ်ရိက္ခာ ပြည့်စုံလုံလောက်မှု အခြေအနေများ၊ လောက်ကိုင်ဒေသအတွက် HIV/ AIDS နှင့် တီဘီဝေဒနာခံစားနေရသူများကို ဆက်လက်ထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကချင်ပြည်နယ်အတွင်း၊ နှစ်ဖက်ဒေသတွင်းရှိ ဒုက္ခသည်များကို စနစ်တကျ စစ်တမ်းကောက်ယူ၍ လိုအပ်ချက်ရှိသည့် ကဏ္ဍအလိုက် စားနပ်ရိက္ခာထောက်ပံ့ပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးရေး၊ လူမှုစီးပွားဘဝတိုးတက် ဖြစ်ထွန်းလာစေရေး လုပ်ငန်းစဉ်များကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် ထောက်ပံ့ကူညီပေးရေးလုပ်ငန်းစဉ်များအတွက် နိုင်ငံတကာအစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ရန်ပုံငွေရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Action Plan အရ ပြန်လည်နေရာချထားရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များ၊ သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်း ပေါ်ထွန်းလာစေရေး ညှိနှိုင်းဆောင်ရွက်နေမှုများ၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ၊ နိုင်ငံသားဖြစ်မှုဆိုင်ရာလုပ်ငန်းစဉ်များကို ဆောင်ရွက်နေမှုများနှင့် နှစ်ဖက်လူ့အဖွဲ့အစည်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အောက်ခြေမခိုင်သော ဆက်သွယ်ရေးပုန်းတိုင်ကြောင့် အနီးရှိပြည်သူများ ထိတ်လန့်နေ

မကွေးမြို့၏ ဂုဏ်ကျက်သရေဆောင်သော မြို့တော်ခန်းမ၊ လှပတင့်တယ်မှုကို ပေးစွမ်းနိုင်သည့် ဇရာဝတီတံတား(မကွေး)နှင့် မြို့ခံများ၏ ဘာသာတရား ကိုင်းရှိုင်းမှုကို ဖော်ကျူးသော မြန်မာနိုင်ငံ၏ သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ ပညာရေနို့သောက်စို့နိုင်စေရန်အတွက် မကွေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ ကျန်းမာရေးတက္ကသိုလ်၊ G.T.U၊ ကွန်ပျူတာအစရှိသော ကျောင်းတော်ကြီးများ၊ အဆင့်မြင့်သော ဟိုတယ်ကြီးများဖြင့် အလွန်စည်ကားလှသော မြို့တစ်မြို့ဖြစ်သကဲ့သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်၍ ကျောင်းတက်ကြသော ကျောင်းသား ကျောင်းသူများ၊ ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိသည်။

ထို့ကြောင့် မြို့၏ ဂုဏ်သိက္ခာနှင့် အလှတရားတို့ကို ထိန်းသိမ်းသည့်အနေဖြင့် အကျဉ်းတန်အရုပ်ဆိုးစေသော ဆက်သွယ်ရေးလိုင်းကြိုးတိုင်ကြီးသည် အိုမင်းပျက်စီးသည့်အနေအထားသို့ ရောက်ရှိပြီး အလွန် အန္တရာယ်များနေသည်ကို တွေ့မြင်ရသည်။ ထိုဆက်သွယ်ရေးကွန်ကရစ်တိုင်မှာ ကန်သာရပ်ကွက်(အေ)အုပ်စု၊ အထက(၁)လမ်းနှင့် ငုရွှေဝါလမ်းထောင့် လူအသွားအလာနှင့် ယာဉ်အသွားအလာအများဆုံးသောနေရာ၌ရှိပြီး ယင်းတိုင်ကြီးသည် အောက်ခြေမှ အထက်သို့ ငါးပေခန့်မျှ ကွန်ကရစ်သားများ ကွာကျနေပြီးအတွင်းမှ သံချောင်းများပေါ်နေကာ အချိန်မရွေးလဲပြိုကျ၍ အန္တရာယ် ဖြစ်နိုင်သည့်အနေအထားသို့ မြင်တွေ့နေရသောကြောင့် ထိုကွန်ကရစ်တိုင်ကြီးကိုလဲလှယ်သင့်ကြောင်း တင်ပြလိုက်ရပါသည်။

**ဖွဲ့သူရိန်(မကွေး)**

## ထင်သာမြင်သာပြုပြင်စရာ





# နန်းမြို့ပတ်လည် သန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၇**

ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့တော်၏ အထင်ကရ နန်းမြို့ကျုံးပတ်လည်တွင် အထူးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက် ၆ နာရီက ဆောင်ရွက်ကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မောင်းတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂တွင် ဖော်ပြခဲ့သော "အာရှ-ဥရောပဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်" သတင်းခေါင်းစဉ်၏ ကော်လံ-၄ စာကြောင်းရေ-၁၅တွင် နှစ်နိုင်ငံဘာသာရေးဆိုင်ရာ **အစား** နှစ်နိုင်ငံဘဏ္ဍာရေးဆိုင်ရာဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **မြန်မာ့အလင်း**



ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသော ညစာစားပွဲတက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ National Convention Centre ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Thongsing THAMMAVONG က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ASEAN INTER PARLIAMENTARY ASSEMBLY (AIPA) ဥက္ကဋ္ဌဖြစ်သူ H.E. Mme Pany YATHOTOU၊ အခြားနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ National Convention Centre ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Thongsing THAMMAVONG တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း လာအိုနိုင်ငံ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၇**

(၃၅) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံတက်ရောက်ရန်အတွက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Watty International Airport မှ ပြန်လည်ထွက်ခွာရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ မိသားစုများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

ကိုရီးယားသမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလွင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ဆိုးလ်မြို့၌ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

**❖ရှေ့ဖုံးမှ**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်ပသို့ ပညာသင်များစေလွှတ်နိုင်မှုမှာ ၂၀၁၃ ခုနှစ် ဇွန် ၁၁ ရက်မှ စက်တင်ဘာ ၁၀ရက်အထိ ၁၁၉၉ ဦး၊ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၁၀ရက်အထိ ၁၀၅၃ ဦး၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်အထိ ၆၀၁ ဦးနှင့် ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်မှ ဇွန် ၁၀ ရက်အထိ ၆၁၉ ဦး စေလွှတ်နိုင်ခဲ့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇွန် ၁၁ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ပြည်ပနိုင်ငံ ၃၆ နိုင်ငံသို့ ပညာတော်သင်စေလွှတ်နိုင်ခဲ့မှုမှာ ၁၃၈၁ ဦးရှိခဲ့ပြီး ပြည်ပမှ မြန်မာနိုင်ငံသို့ လာရောက်ပညာသင်ကြားမှုမှာ ၁၇၆ ဦး ဖြစ်သည်။

ပြည်ပနိုင်ငံ ၃၆ နိုင်ငံသို့ စေလွှတ်သည့် ပညာတော်သင် ၁၃၈၁ ဦးအနက် ပညာတော်သင်ဦးရေအများဆုံး စေလွှတ်ခဲ့သည့်နိုင်ငံများနှင့် စေလွှတ်သည့်ဦးရေမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၂၆၄ ဦး၊ ဂျပန်နိုင်ငံသို့ ၂၄၁ ဦး၊ ထိုင်းနိုင်ငံသို့၂၃၁ ဦး၊ အိန္ဒိယနိုင်ငံသို့ ၁၅၁ ဦး ဖြစ်သည်။ ဆက်လက်၍ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီက ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် နိုင်ငံခြားပညာသင်ဌာန ၁၀၅ ခုမှ ကမ်းလှမ်းလာသည့် ပညာသင်ဆု ၃၆၄ ဆုအနက် ပညာသင်ဆု ၃၆၀ နှင့် သက်ဆိုင်သည့် ဘွဲ့မယူသည့် သင်တန်းနှင့် ဘွဲ့/ ဒီပလိုမာသင်တန်းများအတွက် သင်တန်းသား ၁၃၉၁ ဦးစေလွှတ်နိုင်ရန် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့ ခွဲဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးသင်တန်းဖွင့်

**မုံရွာ စက်တင်ဘာ ၁၇**

ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှထောက်ပံ့ငွေဖြင့် ဖွင့်လှစ်သော အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်း(၂/၂၀၁၄) ဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက်က မုံရွာမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်စိုးက အမှာစကားပြောကြားပြီး မုံရွာခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမြင့်စိုးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များပြောကြားပြီး သင်တန်းဖွင့်ပွဲသို့ မုံရွာမြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မုံရွာခရိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မုံရွာမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာများမှ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင် (မုံရွာ)**

လူကုန်ကူးမှု တွန်းလှန်မှ လူသားဘဝ လုံခြုံရ



နိုင်ငံတကာသတင်း

# ဆယ်စုနှစ်များစွာ နယ်ခြားအငြင်းပွားမှုများဖြေရှင်းရန် တရုတ်သမ္မတ ရှီကျင့်ဖျင် အိန္ဒိယသို့ ပထမဆုံးသွားရောက်


နရိန္ဒြာမိုဒီ
ရှီကျင့်ဖျင်

**နယူးဒေလီ စက်တင်ဘာ ၁၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ကုန်သွယ်ရေးမြှင့်တင်ရန်သော်လည်းကောင်း၊ ဆယ်စုနှစ်များစွာနယ်စပ်အငြင်းပွားမှုဖြေရှင်းရန်သော်လည်းကောင်း အိန္ဒိယသို့ ပထမဆုံးတရားဝင်ခရီးထွက်ခွာသွားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက် နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်ပြီး အာရှအိမ်နီးချင်းနိုင်ငံများတွင်လည်း လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။

အဆိုပါ နှစ်နိုင်ငံသည် ၁၉၆၂ ခုနှစ်က ဟိမဝန္တာနယ်စပ်ဒေသအချို့အပေါ် သဘောထားကွဲလွဲခဲ့ပြီးစစ်ပွဲကြီးဖြစ်သည်အထိ ဖြစ်ပွားခဲ့သည်။ ယင်းကိစ္စအရေး တင်းမာမှုသည် တစ်ချိန်ပြီးတစ်ချိန်မြင့်တက်ခဲ့သည်။ ပေကျင်းနှင့် နယူးဒေလီတို့သည် နယ်ခြားကိစ္စအတွက် အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့ကြသည်။ သို့သော်လည်း အားလုံးသောဆွေးနွေးပွဲများသည် ယနေ့အထိ အောင်မြင်မှုမရသေးဟု ဆိုသည်။

နှစ်နိုင်ငံအကြားဆက်ဆံရေးသည် အိန္ဒိယဝန်ကြီးချုပ်သစ် နရိန္ဒြာမိုဒီ လက်ထက်တွင် တိုးတက်ခဲ့ပြီး ၎င်းဝန်ကြီးချုပ်ဖြစ်လာစဉ် တရုတ်နိုင်ငံနှင့် စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုပြောဆိုခဲ့သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် ဘရာဇီးနိုင်ငံ၌ ဇူလိုင်လက ကျင်းပသော (၆)ကြိမ်မြောက် ဘရစ်ထိပ်သီးအစည်းအဝေး ပြည်ပ၌ တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံ ဆက်ဆံရေးကို တိုးမြှင့်ရန် အလေးအနက်ထားဆွေးနွေးခဲ့ကြသည်။

**(ဘီဘီစီ)**

# ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရန် သဘောတူ

**ဂျီနီဗာ စက်တင်ဘာ ၁၇**

ပါလက်စတိုင်းအာဏာပိုင်များနှင့် ပုဂ္ဂလိကအခန်းကဏ္ဍကို အရေးကြီးသော လုပ်ပိုင်ခွင့်များပေးကာ ဂါဇာကမ်းမြောင်ဒေသကို ပြန်လည်တည်ဆောက်ပြုပြင်ရန် သဘောတူညီချက်ကို ကုလသမဂ္ဂက ခွင့်ပြုခဲ့ကြောင်း ကုလသမဂ္ဂ အရှေ့အလယ်ပိုင်း ထိပ်တန်းသံတမန်က ပြောခဲ့သည်။

တည်ဆောက်ပြုပြင်ရေးပစ္စည်းများ ထောက်ပံ့ရေးဆိုင်ရာ သဘောတူညီချက်ကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်မည်ဟု ရောဘက်ဆဲရီက ပြောခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ သဘောတူညီချက်က တည်ဆောက်ရေးလုပ်ငန်းများကို အလျင်အမြန်အကောင်အထည် ဖော်နိုင်မည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ယခုနှစ် နွေရာသီတွင် ပဋိပက္ခဖြစ်ပွားမှုကြောင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဇူလိုင် ၈ ရက်နှင့် ၂၇ ရက်ကြားတွင် ပါလက်စတိုင်းလူမျိုး ၂၁၀၀ ကျော် ဂါဇာတွင် သေဆုံးခဲ့ရသည်။ အဆိုပါ တိုက်ပွဲအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းခြေနှင့် အနီးတစ်ဝိုက်တွင် တိုက်ပွဲများဖြစ်ပွားကြပြီး ၆၆ ဦး သေဆုံးကာ အစ္စရေးတွင်လည်း အရပ်သားခုနစ်ဦး သေဆုံးခဲ့ရသည်။

သေဆုံးသွားသော ပါလက်စတိုင်းလူမျိုးအများစုမှာ အရပ်သားများဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သော်လည်း အစ္စရေးက ဂါဇာကမ်းမြောင်ဒေသအရေးကိစ္စတွင် အကြမ်းဖက်သမား ၁၀၀၀ ကို သုတ်သင်နိုင်ခဲ့ကြောင်း အစ္စရေးအစိုးရအရာရှိများက ဘီဘီစီသို့ ပြောကြားခဲ့သည်။



မစ္စ ကယ်ရီကသူသည် နှလုံးရပ်တန့်သွားလောက်အောင် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ခဲ့သည့် အဆောက်အအုံများ၊ ဆေးရုံများနှင့် ကျောင်းများကို ဂါဇာကို လွန်ခဲ့သော အပတ်က သွားရောက် လည်ပတ်စဉ် တွေ့ခဲ့သည်ဟု ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

## ဆိုင်းနိုင်းကျွန်းဆွယ်၌ အသေခံဗုံးခွဲ ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

**ကိုင်ရို စက်တင်ဘာ ၁၇**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ ယာဉ်တန်းတစ်ခုကို ပစ်မှတ်ထားပြီး အလွန်အားပြင်းသောဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံးရဲတပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါဗုံးသည် မြို့တော်ကိုင်ရိုမှ ၂၁၇ မိုင်အကွာ ရာဖာနယ်စပ်မြို့အနီး အယ်လ်အာရစ်မြို့သို့ ဆက်သွယ်ထားသော အဝေးပြေးလမ်းမပေါ်၌အင်္ဂါနေ့က ဖြစ်ပွားခဲ့ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုအပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာကို လုံခြုံရေးတင်းကျပ်ထားသည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် သံချပ်ကာယာဉ်တစ်စီး ပျက်စီးသွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များ၏ ခန္ဓာကိုယ်များမှာ အစိတ်စိတ်အမွှာမွှာဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

**(ပရက်စ်တီဗွီ)**

## ဘင်ဂါဇီလေဆိပ်တိုက်ခိုက်ခံရ ကိုးဦးသေဆုံး၊ ၃၀ ဒဏ်ရာရရှိ

**ဘင်ဂါဇီ စက်တင်ဘာ ၁၇**

လစ်ဗျားအရှေ့ပိုင်းမြို့တော် ဘင်ဂါဇီ၌ ဝရမ်းပြေးဗိုလ်ချုပ်ကြီး ခါလီဖာ ဟက်ဖ်တာ သစ္စာတော်ခံတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် ဆာလာဖီစစ်သွေးကြွများအကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ရာ ကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြခဲ့သည်။

အဆိုပါမြို့ရှိ လေဆိပ်ကို အင်္ဂါနေ့က စစ်သွေးကြွများ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်ကိုးဦးသေဆုံးခဲ့ပြီး ၃၀ ဒဏ်ရာရရှိခဲ့သည်ဟု အမည်မဖော်လိုသူ ဆေးရုံဝန်ထမ်းတစ်ဦးက ပြောခဲ့သည်။

၎င်းစစ်သွေးကြွများသည် ဟက်ဖ်တာနှင့် မဟာမိတ်ပြုလုပ်ထားသည့် အစိုးရတပ်ဖွဲ့ဝင်များ၏ ထိန်းချုပ်မှုအောက်ရှိ ဘင်ဂါဇီလေဆိပ်ကို သိမ်းပိုက်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်က ကဒါဖီပြုတ်ကျပြီးကတည်းက ပုန်ကန်ထကြွမှုများ သုံးနှစ်နီးပါးကြာ ဖြစ်ပွားခဲ့ရာ လုံခြုံရေးအားနည်းမှုများဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

လက်နက်ချရန် ငြင်းဆိုထားသည့် လက်နက်ကိုင်စစ်သွေးကြွအုပ်စုများသည် နိုင်ငံ၏ များပြားလှသော ရေနံအရင်းအမြစ်များနှင့် နိုင်ငံရေးရာများကို ခြယ်လှယ်ရန် ကြိုးစားရာတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုက်ခိုက်မှုများ ပြုလုပ်နေကြသည်။

**(ပရက်စ်တီဗွီ)**

## အိုင်ဆစ်တို့အား မြေပြင်ကြည်းတပ်များဖြန့်ကြက်တိုက်ခိုက်သွားမည်

**ဝါရှင်တန် စက်တင်ဘာ ၁၇**

လက်ရှိအမေရိကန်ဦးဆောင်သော မဟာဗျူဟာ မအောင်မြင်ခဲ့သည်ရှိသော် အစ္စလာမ့်နိုင်ငံတော်(အိုင်ဆစ်)စစ်သွေးကြွများအား တိုက်ခိုက်ရာတွင် မြေပြင်အဖွဲ့ဝင်များ ဖြန့်ကြက်သွားဖွယ်ရှိကြောင်း အမေရိကန်ဗိုလ်ချုပ်ကြီး မာတင်ဒမ်ဆေးက ပြောကြားလိုက်သည်။

အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင်များသည် လွန်ခဲ့သော သီတင်းပတ်က ချမှတ်ခဲ့သော မဟာဗျူဟာအရ အီရတ်တိုက်ခိုက်ရေးမစ်ရှင်တွင် မပါကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ထပ်လောင်းပြောကြားလိုက်သည်။

အဆိုပါ မဟာဗျူဟာအရ အိုင်ဆစ်တို့ကို အမေရိကန်က အစောပိုင်းတွင် စတင်တိုက်ခိုက်ခဲ့သည်။ အိုင်ဆစ်တို့သည် ဆီးရီးယားနှင့် အီရတ်တို့၌ နေရာတော်တော်များများကို ထိန်းချုပ်ထားဆဲဖြစ်သည်။ ထိုအတောအတွင်း ကာဒစ်မက်ရှ်မာဂါတပ်ဖွဲ့ဝင်များအား အမေရိကန်ထောက်လှမ်းရေး ဂျက်လေယာဉ်များနှင့် ဒုံးလေယာဉ်များ၏ ပံ့ပိုးမှုနှင့်အတူ အီရတ်မြောက်ပိုင်းရှိ အိုင်ဆစ်တို့နေရာများကို တိုက်ခိုက်လျက်ရှိသည်။

**(ဘီဘီစီ)**

# အီဘိုလာကြောင့် သေဆုံးသူ ၂၅၀၀ ကျော် ယခင်လကထက် နှစ်ဆကျော်တိုးလာ

**ဂျီနီဗာ စက်တင်ဘာ ၁၇**

အနောက်အာဖရိက၌ ဖြစ်ပွားနေသော အီဘိုလာရောဂါပိုးရပ်စ်ကြောင့် သေဆုံးသူ ၂၅၀၀ ရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို) က ပြောသည်။

“ဒီကျန်းမာရေးအကျပ်အတည်းက ယနေ့ခေတ်ကာလမှာ အဆုံးမသတ်နိုင်အောင် ရင်ဆိုင်နေရတာပါ” ဟု ဒဗလျူအိတ်ချ်အို လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဘရုစ်အိုင်ဝက်က ဂျီနီဗာမြို့ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

မတ်လက စတင်ဖြစ်ပွားခဲ့သည့် အဆိုပါ အီဘိုလာရောဂါပိုးရပ်စ်ထိန်းချုပ်ရေးအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါးလိုအပ်ကြောင်း ကုလသမဂ္ဂကကြေညာထားသည်။ အဆိုပါ ရောဂါဖြစ်ပွားမှုမှာ လွန်ခဲ့သောတစ်လကထက် နှစ်ဆကျော်တိုးလာကြောင်း၊ လိုက်ဘေးရီးယားတွင် အဆိုးရွားဆုံးဖြစ်ကြောင်း ၎င်းကပြောသည်။

ကုလသမဂ္ဂ၏ ခန့်မှန်းတွက်ချက်မှုအရ ယခုနှစ်ကုန်ပိုင်းအထိ ၎င်းရောဂါကူးစက်ခံရသူ ၂၀၀၀၀ ရှိလာနိုင်ကြောင်း မကြာသေးမီက ခန့်မှန်းထားသည်။ ယင်းကဲ့သို့ ခန့်မှန်းရာတွင် ဆီယာရာလီယွန်၌ ၃၄ ရာခိုင်နှုန်း၊ ဂီနီ၌ ၁၆ ရာခိုင်နှုန်း၊ လိုက်ဘေးရီးယား၌ ၄၀ ရာခိုင်နှုန်းရှိနိုင်သည်ဟု ဆိုသည်။

**(ပရက်စ်တီဗွီ)**

# ဖီဂျီအာဏာသိမ်းခေါင်းဆောင်ဟောင်း ပါလီမန်ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်

**ဖီဂျီ စက်တင်ဘာ ၁၇**

ဖီဂျီအာဏာသိမ်းခေါင်းဆောင်လည်းဖြစ်၊ စစ်ခေါင်းဆောင်ဟောင်းလည်းဖြစ်သည့် ဖီဂျီခေါင်းဆောင် ဖရန့်ဘိုင်နီမာရာမာသည် ၂၀၀၆ ခုနှစ် အာဏာသိမ်းပြီးကတည်းက ပထမဆုံးအကြိမ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မှတ်ပုံတင်ထားသော ဆန္ဒမဲပေးသူ ၅၉၀၀၀၀ တို့သည် ဝင်ရောက်အရွေးခံသူ ၂၅၀ မှ ပါလီမန်အမတ်နေရာ ၅၀ အတွက် မဲပေးရွေးချယ်ကြမည်ဖြစ်သည်။

မစ္စတာ ဘိုင်နီမာရာမာ၏ ပါတီသည် အမတ်နေရာအများဆုံးဖြင့် အနိုင်ရရှိရန် မျှော်လင့်ထားသည်ဟု ဆိုသည်။ ၎င်းသည် ရွေးကောက်ပွဲ ဝင်ရောက်အရွေးခံနိုင်ရန် စစ်ဘက်အကြီးအကဲရာထူးမှ နုတ်ထွက်ခဲ့သည်။



အဆိုပါ ရွေးကောက်ပွဲကို နိုင်ငံတကာ အသိုင်းအဝိုင်းက စောင့်ကြည့်ရန် စိတ်အားထက်သန်ကြပြီး ၎င်းတို့အနေဖြင့် ဖီဂျီနိုင်ငံအတွင်း ဒီမိုကရေစီပြန်လည်ရှင်သန်ရန် တိုက်တွန်းထားသည်။

ရွေးကောက်ပွဲမတိုင်မီ အကြမ်းဖက်မှုမပြုလုပ်ကြရန် ဖီဂျီသမ္မတ အီပိလီနိုင်လာတီဘောက သတိပေးထားသည်။ “ကျွန်တော့်အနေနဲ့ နိုင်ငံရေးပါတီအားလုံးကိုရောထောက်ခံမှုများကိုပါ မည်သည့်အကြမ်းဖက်မှုမျှ မလုပ်ကြဖို့ တိုက်တွန်းလိုပါတယ်” ဟု ၎င်းက ပြောသည်။ “ကျွန်တော်တို့အနေနဲ့ ပြည်သူ့ဆန္ဒအားလုံးကို လက်ခံပြီး စည်းလုံးညီညွတ်တဲ့နိုင်ငံအဖြစ် တည်ဆောက်သွားမှာပါ”ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

**(ဘီဘီစီ)**

# တရားမဝင်လိုင်စင်မဲ့သေနတ်များ၊ ခဲယမ်း၊ ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်တွေ့ရှိပါက တရားဥပဒေအရ အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၇**

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ တစ်နှစ်ကာလအတွင်း တရားမဝင်လိုင်စင်မဲ့ကိုင်ဆောင်သည့် လက်နက်ဖမ်းဆီးရမိမှု ၇၃ မှုမှ တရားခံ ၁၀၆ ဦးနှင့် လက်နက်မျိုးစုံ ၉၂ လက်၊ ဗုံးသီး ၁၁ လုံး၊ လက်ပစ်ဗုံး ငါးလုံး၊ ကျည်မျိုးစုံ ၂၀၇ တောင့်တို့ ဖမ်းဆီး ရမိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင်လည်း ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ တရားမဝင်လိုင်စင်မဲ့ ကိုင်ဆောင်သည့် လက်နက်ဖမ်းဆီးရမိမှု ၄၅ မှုတို့မှ တရားခံ ၅၄ ဦးနှင့် လက်နက်မျိုးစုံ ၆၁ လက်၊ ဗုံးသီး ၁၄ လုံး၊ လက်ပစ်ဗုံး ၃၂ လုံး၊ ကျည်မျိုးစုံ ၃၇၀၈ တောင့်တို့ ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းတွင် ဖမ်းဆီးရမိမှု လေးကြိမ်ဖြစ်ပွားခဲ့ရာ တရားမဝင်လိုင်စင်မဲ့ကိုင်ဆောင်သည့် လက်နက်ဖမ်းဆီးရမိမှုလေးမှုရှိခဲ့ပြီး တရားခံလေးဦးနှင့် လက်နက်မျိုးစုံ ငါးလက်တို့ကို ကျည်မျိုးစုံ ၄၆ တောင့်နှင့် ကျည်ကတ်တစ်ခုတို့ကို ထပ်မံဖမ်းဆီးရရှိခဲ့သည်။

ယင်းကဲ့သို့ တရားမဝင်လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်မှုများနှင့်ပတ်သက်၍ ၁၈၇၈ ခုနှစ် လက်နက်ဥပဒေပုဒ်မ ၁၉ အရ ထောင်ဒဏ်သုံးနှစ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး အလားတူ ၁၉၅၁ ခုနှစ် လက်နက်(ယာယီ)ပြင်ဆင်ချက်အက်ဥပဒေပုဒ်မ ၁၉(က)အရလည်း ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော လက်နက်ကိုင်ဆောင်ရေးမူအရ လေသေနတ်များအပါအဝင် သေနတ်လက်နက် အားလုံးကို လိုင်စင်ဖြင့်သာ ကိုင်ဆောင်ခွင့်ပြုထားသည်။ ထိုသို့ လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ရရှိရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန (လက်နက်ကိုင်ဆောင်ခွင့် လိုင်စင်/ပါမစ်စိစစ်ရေးအဖွဲ့)သို့ တင်ပြလျှောက်ထားမှုအပေါ် စိစစ်ခွင့်ပြုချက်ရမှသာ ကိုင်ဆောင်ခွင့်ရှိသည်။

ယခုဖမ်းဆီးရမိသော သေနတ်များသည် လိုင်စင်မဲ့ကိုင်ဆောင်ထားမှုများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ အလားတူ တရားမဝင်လိုင်စင်၊ ပါမစ်မဲ့လက်နက်/ ခဲယမ်းများ လက်ဝယ်ရှိပါက နီးစပ်ရာ တပ်၊ ရဲစခန်းများသို့ အမြန်ဆုံးလာရောက်အပ်နှံကြရန်နှင့် လာရောက်အပ်နှံခြင်းမပြုဘဲ လက်ဝယ်ထားရှိပါက စုံစမ်းဖော်ထုတ်၍ တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာထားသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ(၉) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာအုပ်စုတွင် ပါတီရုံးချုပ်တည်ရှိသော **ဝံသာနုဒီမိုကရက်တစ်ပါတီ**သည် ယင်းပါတီ၏တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီတံဆိပ်ကို ကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဝံသာနုဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

စက်တင်ဘာ ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် အနော်ရထာလမ်းနှင့် အောင်ဇေယျလမ်း(၅၆×၅၇)လမ်းကြားနေ မမွန်မွန်ခိုင်ဆိုသူ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၄ ပြား သိမ်းဆည်းရမိသဖြင့် မမွန်မွန်ခိုင်(၂၂ နှစ်)ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မမွန်မွန်ခိုင်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လောက်ကိုင်တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

စက်တင်ဘာ ၁၅ ရက်က အမှတ်(၂၁)မူးယစ်တပ်ဖွဲ့စု ကွမ်းလုံမူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်-ရန်လုံကျိုင်းသွားလမ်း ရန်လုံကျိုင်းအဝင် မုခ်ဦးအနီးတွင် လောက်ကိုင်ဘက်မှ ရန်လုံကျိုင်းဘက်သို့ ဆိုင်ကယ်ကယ်ရီသမား ကျော်ဇင်မြင့်ဆိုသူမောင်းနှင်ပြီး ငှားရမ်းစီးနင်းလာသူ ကောင်းကုံးရီ ဆိုသူလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ကောင်းကုံးရီ၏ Lenovo လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ဖမ်းဆီးရမိသဖြင့် ကောင်းကုံးရီ (၂၆ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

**(သတင်းစဉ်)**



ကောင်းကုံးရီအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ဖားကန့်မြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

စက်တင်ဘာ ၁၅ ရက်က အမှတ်(၂) မူးယစ်တပ်ဖွဲ့စု မြစ်ကြီးနားမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ ရပ်ကွက်(၅)နေ ဂွမ်ဂျတ်ဆိုသူ၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ သောင်းမြင့်ဆိုသူကိုတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၆၃၅ ပြားနှင့် ဘိန်းဖြူ ၂၇ ဒသမ ၃၁ ဂရမ် သိမ်းဆည်းရမိသဖြင့် ဂွမ်ဂျတ် (၃၀ နှစ်) နှင့် သောင်းမြင့် (၃၉ နှစ်) တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**



ဂွမ်ဂျတ်နှင့် သောင်းမြင့်တို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်အန္တရာယ် တို့ဝိုင်းဝန်းကာကွယ်

# လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ် မီးလန့်

**တာချီလိတ် စက်တင်ဘာ ၁၇**

စက်တင်ဘာ ၁၇ ရက် ညနေပိုင်းက တိုင်ဖွန်း Kalmaegi မုန်တိုင်းအရှိန်ဖြင့် မိုးရွာသွန်းနေစဉ် ဝိုင်ယာကြိုးနှင့် မိုးရေထိတွေ့ရာမှ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလန့်မှုတစ်ရပ်ဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် ညနေ၅ နာရီခွဲခန့်မှ စတင်ကာ တိုင်ဖွန်း Kalmaegi မုန်တိုင်းအရှိန်ဖြင့် တာချီလိတ်မြို့ပေါ်နှင့် အနီးတစ်ဝိုက်တွင် မိုးရွာသွန်းနေစဉ် အမှတ် (၁) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအနီး (အေးခန့်မွန်တက္ကစီဂိတ်) ဘေးနားရှိ လျှပ်စစ်မီးတိုင်တွင် ညပိုင်း ၆ နာရီ ၃၁ မိနစ်ခန့်တွင် ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်ခဲ့ရာ မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊မြို့မီးလင်းရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှူး ဦးကျော်ကိုကိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လျှပ်စစ်ဓာတ်အားပေးဝေနေမှုကို ခေတ္တဖြတ်တောက်လိုက်ပြီး အလျင်အမြန် မီးငြိမ်းသတ်ခဲ့သည့်အတွက် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အလျင်အမြန်ပြုပြင်ဆောင်ရွက်ပေးမှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ၂၅ မိနစ်ခန့်အကြာတွင် ပြန်လည်ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**





ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အများပြည်သူများ စားဝတ်နေရေး ပိုမိုကောင်းမွန်လာစေမည့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ AFTA နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ဖော်ဆောင်မှုများ

၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်မည့် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်ရန်အချိန်နီးကပ်လာသည်နှင့်အမျှ ရှုထောင့်အသီးသီးမှ AFTA, AEC တို့နှင့် ပတ်သက်၍ ပူပန်မှုများ၊ ထင်မြင်ယူဆချက်များကို ဂျာနယ်များတွင် ပိုမိုဖတ်ရှုလာရသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအာဆီယံသို့ ဝင်ရောက်သဖြင့် မြန်မာနိုင်ငံမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံ၏ အခွင့်အလမ်းများ၊ မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံမှ ပြင်ဆင်မှုများနှင့် ပြည်သူများသို့ အသိပညာဖြန့်ဝေပေးခဲ့ခြင်းများကို တင်ပြလိုပါသည်။

**(၁) မြန်မာနိုင်ငံမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများ**

မြန်မာနိုင်ငံမှ အာဆီယံအသင်းဝင်ဖြစ်လာသည့်အတွက် ရရှိသည့် အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘောထားမတူညီသည့် အုပ်စုများအား အာဆီယံအသင်းကြီးမှ တစ်ဆင့်တွေ့ဆုံပြီး မိမိနိုင်ငံသဘောထားကို ပီပြင်ပြတ်သားစွာ ပြောဆိုဆောင်ရွက်နိုင်ခြင်း၊

(ခ) နိုင်ငံရေးအရ လည်းကောင်း၊ စီးပွားရေးအရ လည်းကောင်း၊ အာဆီယံအသင်းဝင်နိုင်ငံများ၏ ပံ့ပိုးကူညီမှု၊ နားလည်စာနာမှုတို့မှတစ်ဆင့် ပိုမိုပြီး တံခါးဖွင့်ဆောင်ရွက်ရန် အခွင့်အလမ်းများ ပေါ်လာခြင်း၊

(ဂ) ဒေသအတွင်း အသင်းဝင်နိုင်ငံများအကြား ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်လာနိုင်ခြင်း၊

(ဃ) ဒေသတွင်းပြည်သူများ ကူးလူးဆက်ဆံမှု ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် ပိုမိုများပြားလာသည့်အတွက် ယဉ်ကျေးမှုအစဉ်အလာများအရ လည်းကောင်း၊ ကိုလိုနီအတွေ့အကြုံအရလည်းကောင်း တူညီသော သမိုင်းကြောင်း ပိုင်ဆိုင်ထားသည့် နိုင်ငံ (၁၀) နိုင်ငံမှာ အာဆီယံ၏ထူးခြားသည့်လက္ခဏာစရိုက်ကို ဖော်ဆောင်နိုင်ခြင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ)၏ အဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံအဖွဲ့ဆိုင်ရာ စီးပွားရေးသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိပါသည်-

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ရရှိသည့်အကျိုးကျေးဇူးများ**

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်လာသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာခြင်း၊

(ခ) ကုန်ထုတ်လုပ်မှု တိုးတက်သည်နှင့်အမျှ ပြည်ပပို့ကုန် တိုးချဲ့မြှင့်တင်နိုင်ခြင်း၊

(ဂ) အဆင့်မြင့် ကျွမ်းကျင်မှုနည်းပညာရပ်များ တိုးတက်ရရှိခြင်း၊

(ဃ) အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်ခြင်း။

**ငွေကြေးစနစ်တွင် ရရှိသည့်အကျိုးကျေးဇူးများ**

(က) အာဆီယံအဖွဲ့သို့ ဝင်ရောက်ခြင်းကြောင့် အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးစနစ်ကို ဝင်ရောက်စွက်ဖက်ခြင်းမရှိပါ။

(ခ) အာဆီယံအနေဖြင့် နိုင်ငံခြားငွေကြေးလဲလှယ်မှု နှုန်းထားကို ပြန်လည်ပြုပြင်ညှိနှိုင်းရမည်ဟု တောင်းဆိုခြင်းမရှိပါ။

(ဂ) ငွေကြေးစနစ်ဆိုင်ရာ ကိစ္စရပ်များသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)၏ စည်းမျဉ်း၊ စည်းကမ်းများ အရသာဖြစ်ခြင်း။

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးသည် (အိုင်အမ်အက်ဖ်)၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံသည်လည်း (အိုင်အမ်အက်ဖ်) အဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် (အိုင်အမ်အက်ဖ်)၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း။

**ကုန်သွယ်မှုတွင်ရရှိသည့် အကျိုးကျေးဇူးများ**

(က) အာဆီယံအဖွဲ့သို့ ဝင်ရောက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ခြင်း၊

(ခ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရခြင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိခြင်း၊

(ဂ) အာဆီယံအဖွဲ့သို့ ဝင်ရောက်ခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ကုန်သွယ်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခြင်း၊

(ဃ) ကုန်သွယ်မှုလုပ်ငန်းများ တိုးချဲ့ခြင်းဖြင့် လုပ်ငန်းသစ်များ ပေါ်ထွန်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာခဲ့ခြင်း။

> **“ အာဆီယံအဖွဲ့သို့ ဝင်ရောက်ခြင်းဖြင့် အခြားပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များဖြစ်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ လူမှုရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုစသည့်နယ်ပယ်များတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင် ”**

**စက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် ရရှိသည့်အကျိုးကျေးဇူးများ**

(က) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊

(ခ) နည်းပညာလွှဲပြောင်းရရှိခြင်း၊

(ဂ) ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်သည့် အထောက်အကူပြုစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း။

**အကောက်ခွန်စနစ်တွင်ရရှိသည့်အကျိုးကျေးဇူးများ**

(က) အဖွဲ့ဝင်နိုင်ငံများအတွင်း အကောက်ခွန်ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ညီညွတ်မှုရှိခြင်း၊

(ခ) အကောက်ခွန်တန်ဖိုး၊ အကောက်ခွန်နှုန်းထားများဆိုင်ရာ ကုန်ပစ္စည်းအမည်စာရင်းများ ရှင်းလင်းလွယ်ကူမှုရှိခြင်း၊

(ဂ) ကုန်ပစ္စည်းများကို လျင်မြန်စွာ ရှင်းလင်းထုတ်ယူနိုင်ခြင်း၊

(ဃ) အခွန်အကောက်မဟုတ်သော အတားအဆီးများကို တဖြည်းဖြည်း ဖယ်ရှားနိုင်ခြင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့သို့ ဝင်ရောက်ခြင်းဖြင့် အခြားပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များဖြစ်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ လူမှုရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုစသည့်နယ်ပယ်များတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

ဤကဲ့သို့ ကောင်းကျိုးရလဒ်များ ရနိုင်သကဲ့သို့ အခြားတစ်ဖက်တွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြသည့်ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းများကို အခြား

**သီတာမြင့်**

အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းကြီးများ၏ ဝါးမျိုခြင်းမခံရအောင် ဖျတ်လတ်နိုးကြားစွာ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မိမိတို့၏ ကုန်စည်အရည်အသွေး၊ ဈေးနှုန်းများသည်လည်း အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါသည်။

**(၂) မြန်မာနိုင်ငံ၏ အခွင့်အလမ်းများ**

အာဆီယံစီးပွားရေး အသိုက်အဝန်းကို တည်ထောင်ရာတွင် မြန်မာနိုင်ငံအတွက် အခွင့်ကောင်းများရရှိခဲ့ပြီး တချို့ကိစ္စရပ်များတွင်လည်း ရရှိရန်ကျန်ရှိနေဆဲ ဖြစ်ပါသည်။ အဖွဲ့ဝင်သစ် အာဆီယံလေးနိုင်ငံအား ပျော့ပျောင်းမှု (Flexibility) အခွင့်အရေးပေးထားရာ အလွန်အရေးကြီးသည့် ကုန်ပစ္စည်းအချို့၏ အကောက်ခွန်နှုန်းများကို ၂၀၁၈ ခုနှစ်ရောက်မှ ပယ်ဖျက်ရမည်ဖြစ်ပါသည်။

**(၃) မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများ**

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများသည် အရည်အသွေးကောင်းသော ကုန်စည်များ၊ ဝန်ဆောင်မှုများဖြစ်ရန် လိုအပ်သကဲ့သို့ ကုန်ကျစရိတ်လျော့နည်းရန် လိုအပ်ပါသည်။ ကုန်ကျစရိတ်နည်းပြီး အရည်အသွေးကောင်းရန်မှာ နည်းပညာ အဓိကလိုအပ်ပြီး အများအပြားထုတ်လုပ်နိုင်ရန်၊ ဆောင် ရွက်မှုပေးနိုင်ရန်၊ ငွေကြေးအရင်းအနှီးအပါအဝင် လူများ၏ ကျွမ်းကျင်မှုရှိရန်လည်း လိုအပ်ပါသည်။

**(၄) မြန်မာနိုင်ငံမှ ပြင်ဆင်မှုများ**

မြန်မာနိုင်ငံအနေဖြင့် AFTA နှင့် AEC အတွက် ဖော်ပြပါတို့ကို ပြင်ဆင်ထားရန် လိုအပ်ပါသည်-

(က) အခြားသော အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများမှ အကောက်ခွန်နှုန်း လျှော့ပေးထားသော ကုန်ပစ္စည်းများကို မြန်မာ နိုင်ငံမှ ပိုမိုတင် ပို့နိုင်ရန် ကုန်စည်များ ရွေးချယ်စိုက်ပျိုးထုတ်လုပ်ရန်၊

(ခ) အခြားအာဆီယံနိုင်ငံများမှ တင်သွင်းလာသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကိုလည်း စနစ်တကျဖြင့် တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(ဂ) မိမိနိုင်ငံမှ ကုန်ကျစရိတ်နည်းနည်းဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်သော ကုန်စည်များနှင့် သဘာဝအရင်းအမြစ်မှ ရရှိနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများ (ဥပမာ-ခရီးသွားလုပ်ငန်း)ကို ယခုထက် ပိုမိုအရည်အသွေးကောင်းရန်နှင့် ကုန်ကျစရိတ်လျော့နည်းအောင် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကပိုင်းမှ ကြိုးစားဆောင်ရွက်ရုံသာမက နိုင်ငံတော်မှ တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီပံ့ပိုးရန်၊

(ဃ) ပြည်သူများသို့ အသိပညာဖြန့်ဝေခြင်း အစီအစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်။

**(၅) ပြည်သူများသို့ အသိပညာဖြန့်ဝေခြင်း**

AFTA နှင့် AEC ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ၁၉၉၇ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအသင်းဝင်သည်မှစ၍ ယနေ့ထက်တိုင် ကျင်းပပြုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီးများ၊ အာဆီယံဘာသာရပ်များနှင့် သက်ဆိုင်ခဲ့သည့် ဒုတိယဝန်ကြီးများ၊ အမျိုးသားအက်(ဖ)တာယူနစ်မှ တာဝန်ရှိပုဂ္ဂိုလ်များသည် AFTA နှင့် AEC ကိစ္စရပ်များကို စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် ပြည်သူများ သိရှိနိုင်ပါရန် လစဉ်ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ Workshop များ ကျင်းပခြင်း၊ ဆောင်းပါးများရေးသားခြင်းကို နှစ်ပေါင်းများစွာ ပြုလုပ်ခဲ့ကြသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင်လည်း ၂၀၁၂ခုနှစ် အောက်တိုဘာလမှစ၍ အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှု လက်မှတ်ရသင်တန်း ဖွင့်လှစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များကို အသိပညာပေးခဲ့သည်။

AFTA နှင့် AEC ၏ အသီးအပွင့်များအဖြစ် အများပြည်သူများ၏ စားဝတ်နေရေး ယခုထက် ပိုမိုမြင့်မားပါစေကြောင်း ဆုမွန်ကောင်းပို့သ၍ တင်ပြအပ်ပါသည်။ ။

## ဝေါမြို့နယ် ရေလွှမ်းဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများပေးပို့လှူဒါန်း

**ဝေါ စက်တင်ဘာ ၁၇**

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများဇီဝကကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့နှင့် ကရင်ပြည်နယ် မြဝတီမြို့စေတနာ နာရေးလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရေလွှမ်းခံဒေသများမှ ရေဘေးသင့်သူများကို ကူညီထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသော ကယ်ဆယ်ရေးယာဉ်တန်းသည် စက်တင်ဘာ ၉ ရက် နံနက်က မြဝတီမြို့မှ ထွက်ခွာသွားသည်။

အဆိုပါ လူမှုကူညီရေးအသင်းများသည် အဝတ်အထည် အိတ် ၁၆၀၊ ငါးသေတ္တာ ဘူး ၁၀၀၀၊ ခေါက်ဆွဲခြောက်မြင်းကျားအိတ် (ဆိုဒ်ကြီး) ၁၀ အိတ်နှင့် ဆန်နှစ်တင်းခွဲအိတ် ၅၀တို့ သယ်ဆောင်သွားပြီး ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်ပြီး ရေဘေးသင့်ဒေသများအရောက် သွားရောက်ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ထောက်ပံ့ရေးအဖွဲ့တွင် မြဝတီမြို့ နာရေးလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးလှထွန်းနှင့် အမှုဆောင်များ၊ ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများ၊ ဇီဝကကျန်းမာရေးဖောင်ဒေးရှင်းမှ မြန်မာရွှေ့ပြောင်းအလုပ်သမား ဦးဟိန်းထက်ပိုင်(ဝေါ)၊ ဦးမိုးကျော်သူ(တနင်္သာရီ)၊ ဦးကျော်မြင့်ထွန်း(ပေါင်)၊ ဦးကျော်သူရ(ဝေါ)နှင့် ဒေါ်ယမုံဇင်(ဝေါ)တို့လိုက်ပါသွားကြသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



စက်တင်ဘာ ၁၅ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် တိုင်းရင်းသားရိုးရာဓလေ့ထုံးစံများအကြောင်း ဟောပြောပွဲကို အထက (၃)မင်္ဂလာတောင်ညွန့် (အမျိုးသမီး)ကျောင်းတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေညိုက တိုင်းရင်းသားရိုးရာဓလေ့ထုံးစံများအကြောင်း ဟောပြောစဉ်။ အောင်သန်း(မင်္ဂလာတောင်ညွန့်)

## ခိုင်ကမ်းကျေးလက်ရေပေးရေး လုပ်ငန်းဆောင်ရွက်

**တီးတိန် စက်တင်ဘာ ၁၇**

ချင်းပြည်နယ် တီးတိန်မြို့နယ် ထေးဇန်ကျေးရွာအုပ်စု ခိုင်ကမ်းကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၀ ဒသမ ၅သန်းဖြင့် ရေတားတမံပြုလုပ်ခြင်းလုပ်ငန်းကို Teltui Suasiam ကုမ္ပဏီမှ တင်ဒါရရှိခဲ့ရာ ရေလှောင်ကန် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို စက်တင်ဘာ ၆ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်မျိုးလတ်နှင့်ကျေးလက်ဦးစီးမှူး ဦးဝုန့်ပြင်းထန်တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

ပြည်သူလိုတာလုပ်ဖို့ရာ ကျရာအခွန်ပေးဆောင်ပါ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# သစ်ထုတ်လုပ်ခြင်းကို လျှော့ချထိန်းသိမ်းဆောင်ရွက်သကဲ့သို့ တရားမဝင်သစ်ဖမ်းဆီးရေးကိုလည်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဖြေကြားစဉ်။** (သတင်းစဉ်)

ယနေ့ အစည်းအဝေးတွင် လူမှုဖူလုံရေးဆေးခန်းနှင့် ရုံးခန်းဖွင့်လှစ်ပေးရေး၊ လေယာဉ်ကွင်းကိစ္စ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာကိစ္စ၊ သစ်တောထိန်းသိမ်းရေးနှင့် အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် သက်ဆိုင်သည့် မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခဲ့ကြသည်။

ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **ကမ်းလွန်နှင့်ကုန်းတွင်း ရေနံသဘာဝဓာတ်ငွေ့လုပ်ကွက်များကို ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့များဖြင့် စောင့်ကြည့်ကြပ်မတ်ပေးသော အစီအမံရေးဆွဲဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ကုန်းတွင်းပိုင်းလုပ်ကွက်များနှင့် စပ်လျဉ်း၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များနှင့် နိုင်ငံခြားရေနံကုမ္ပဏီမှ ပညာရှင်များပါဝင်ပြီး Technical Workshop ပြုလုပ်၍ နောင်နှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးလျာထားချက်များကို ချမှတ်ပြီး MOGE သို့ တင်ပြစေပါကြောင်း၊ ထိုသို့တင်ပြလာသည့်အခါ တာဝန်ရှိသူများက စိစစ်ပြီး ကျေနပ်မှုရှိပါက ဦးဆောင်ကော်မတီအစည်းအဝေးသို့ ဆက်လက်တင်ပြရပြီး သဘောတူခွင့်ပြုပါက နောင်နှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးလျာထားချက်များကို သက်ဆိုင်ရာနိုင်ငံခြား ရေနံကုမ္ပဏီများသို့ အကြောင်းကြားပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကုမ္ပဏီများမှ ၎င်းတို့နှင့်သက်ဆိုင်သည့်ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များအတွက် ဆောင်ရွက်ရန်တင်ပြထားသောWork Program အတိုင်း ဆောင်ရွက်ခြင်း ရှိ/မရှိကို စဉ်ဆက်မပြတ် စောင့်ကြည့်တွန်းအားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့စီးပွားဖြစ်ထုတ်လုပ်ဆောင်ရွက်မည့် ထုတ်လုပ်ရေးကာလတွင်လည်း သက်ဆိုင်ရာကုမ္ပဏီများမှ ၎င်းတို့ လုပ်ကိုင်ခွင့်ရရှိသည့် ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ ရှာဖွေရေးကာလတွင် ဆောင်ရွက်ခဲ့ကြရသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နေသော ရေနံမြေများနှင့် ကမ်းလွန် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင်များတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကိုယ်စားလှယ်များထားရှိ၍ ထုတ်လုပ်ပို့လွှတ်ခြင်းကို ကြီးကြပ်ဆောင်ရွက်စေပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရောင်းချခြင်းမှ ရရှိသောဝင်ငွေများနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဘဏ္ဍာရေးဌာနမှ လအလိုက်၊ နှစ်အလိုက် စစ်ဆေးကြီးကြပ်ပါကြောင်း။

လုပ်ကွက်များတွင် ဆောင်ရွက်နေသည့် နိုင်ငံခြားကုမ္ပဏီများသည် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကြေးထည့်ဝင်လျက် ဒေသခံများ၏ လိုအပ်ချက်ကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်း၍ ကြီးကြပ်ပါကြောင်း၊ ကုန်းပိုင်းလုပ်ကွက်များအတွက် သက်ဆိုင်ရာကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ နှင့်အထက် ကမ်းလွန်လုပ်ကွက်များအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့်အထက်တန်ဖိုးရှိသော ပစ္စည်းများ ဝယ်ယူခြင်းနှင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုခြင်းများ တင်ပြလာပါကြောင်း။

ကုမ္ပဏီများမှ တင်ပြလာသည့် စီမံကိန်းဆိုင်ရာ ငွေကြေးသုံးစွဲမှုများကို MOGE Audit Team မှ စစ်ဆေးပြီး ငွေကြေးသုံးစွဲမှုများ မှန်ကန်ခြင်းမရှိပါက စီမံကိန်းသုံးငွေမှအရင်း ပြန်လည်နုတ်ယူခွင့်မပြုသည့် ပြစ်ဒဏ်ချမှတ်ပါကြောင်း။

ထို့ပြင် စွမ်းအင်ဝန်ကြီးဌာနမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်ခွင့်ပြုထားသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု၊ နှစ်စဉ် ထုတ်လုပ်မှုနှင့် အခွန်ဘဏ္ဍာပေးသွင်းမှုတို့ကို အလျဉ်းသင့်သလို ပြည်သူလူထုသို့ တင်ပြလျက်ရှိပါကြောင်း၊ သို့ရာတွင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ ကုမ္ပဏီဆိုင်ရာသတင်းအချက်အလက်များကို ထုတ်ပြန်ဖော်ပြရန်မှာ စာချုပ်ပါ Secrecy Clause အရ သက်ဆိုင်ရာကုမ္ပဏီ၏ ပုဂ္ဂလိကအခြေအနေဖြစ်သဖြင့် ဖော်ပြနိုင်ခြင်းမရှိပါကြောင်း၊ မြန်မာ့ရေနံနှင့် သဘာဓာတ်ငွေ့လုပ်ငန်း၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ Shut Down အခြေအနေ စသည်တို့ကို နိုင်ငံပိုင်သတင်းစာများနှင့် ဂျာနယ်များမှတစ်ဆင့် သတင်းပြန်ကြားချက်ထုတ်ပြန်ပြီး ပြည်သူလူထုသို့ အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း။

စွမ်းအင် ဝန်ကြီးဌာနသည် ပြည်တွင်း စွမ်းအင်လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာအတွေ့အကြုံရှိ ရေနံကုမ္ပဏီများနှင့် ပူးပေါင်း၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ခြင်းများ လုပ်ကိုင်နိုင်ရန် အပြည်ပြည်ဆိုင်ရာတင်ဒါများ ခေါ်ယူခဲ့ပါကြောင်း။

ထိုသို့ တင်ဒါခေါ်ယူရာတွင် ကုမ္ပဏီများ၏ ငွေကြေးတောင့်တင်းခိုင်မာမှု၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း၊ အနီးစပ်ဆုံးကာလအတွင်း ထုတ်ပြန်ထားသော နှစ်ချုပ်အစီရင်ခံစာ၊



**မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် မေးမြန်းစဉ်။** (သတင်းစဉ်)

စာရင်းစစ်ပြီးသော ဘဏ္ဍာငွေစာရင်းအစီရင်ခံစာ၊ လုပ်ငန်းဆောင်ရွက်ဖူးသော အတွေ့အကြုံအသေးစိတ်အချက်အလက်များကို ၎င်းကုမ္ပဏီတည်ရှိရာနိုင်ငံရှိ သက်ဆိုင်ရာ မြန်မာသံရုံးတွင် ခိုင်မာမှုထောက်ခံချက်ရယူကာ စွမ်းအင်ဝန်ကြီးဌာနသို့ ပေးပို့တင်ပြကြရန် ဖြစ်ပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနက အကြိုတင်ဒါအောင်မြင်သော ကုမ္ပဏီများစာရင်းကို ထုတ်ပြန်ခဲ့ခြင်းသာ ဖြစ်ပါကြောင်း၊ ကုမ္ပဏီများနှင့် PSC စာချုပ်ပါ အချက်အလက်များကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းလျက်ရှိပြီး သဘောတူညီချက်များရရှိပြီးပါက ချုပ်ဆိုမည့် စာချုပ်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုဘဏ်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များဖြင့် ပြင်ဆင်အတည်ပြုပြီး နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့သို့ အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီးမှသာ စာချုပ်လက်မှတ်ရေးထိုးခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်၏ **ကျန်ရှိသောသစ်တောဧရိယာနှင့် သစ်အမျိုးအစားကို စိစစ်သတ်မှတ်၍ နှစ်စဉ်ထုတ်လုပ်မှုကို လျာထားပြီး စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်ရန်အတွက် စီမံချက်ရေးဆွဲအကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တရားမဝင်သစ်များ၊ ဖမ်းဆီးရမိသော သစ်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းအရ မှတ်ပုံတင်ပြီး မြန်မာ့သစ်လုပ်ငန်းသို့ ရက်ပေါင်း ၆၀ အတွင်း လွှဲပြောင်းပေးအပ်ခြင်း၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သစ်များတည်ရှိသည့်နေရာ၊ သစ်အမျိုးအစား၊ သစ်အတန်းအစားတို့အရ သယ်ယူရန် ကုန်ကျစရိတ်နှင့် ပြန်လည်ရောင်းချပါက ရနိုင်မည့်ဈေးနှုန်း၊ တွက်ခြေကိုက်မှု ရှိ/မရှိ မျက်မြင်ကွင်းဆင်းစစ်ဆေး၍ အမြန်ဆုံး လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ သစ်များကို အချိန်နှင့်တစ်ပြေးညီ လက်ခံရယူပြီး အချို့ကို သစ်တည်နေရာမှာပင် အတန်းအစားခွဲပြီး လစဉ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း၊ ဖမ်းဆီးသစ်ပုံစံ(၈) များနှင့် ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ကိုယ်စားလှယ်များပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့အား စနစ်တကျဖွဲ့စည်း၍ လေလံတင် ထုခွဲရောင်းချခြင်းကို ဆောင်ရွက်ပါကြောင်း။

လက်ရှိသစ်တောများ၏ အမှန်တကယ် ကျန်ရှိသစ်တောဧရိယာနှင့် သစ်အမျိုးအစား လေ့လာစိစစ်သတ်မှတ်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ထာဝစဉ်အသုံးချနိုင်ရေးအတွက် သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် ဂြိုဟ်တုဓာတ်ပုံများမှ သစ်တောဖုံးလွှမ်းမှုကို ဆန်းစစ်လေ့လာခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် (၁၀) နှစ်တစ်ကြိမ် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သစ်ထုတ်လုပ်မှုပမာဏကို လျှော့ချဆောင်ရွက်လျက်ရှိရာ ကနဦးလုပ်ငန်းစဉ်အဖြစ် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းပြီး သစ်ထုတ်လုပ်မှုကို နှစ်စဉ်ထုတ်လုပ်နိုင်သည့် ပမာဏ (Annual Allowable Cut-AAC) ဘောင်အတွင်းမှသာ ထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်အလုံးလိုက် ပြည်ပတင်ပို့ခြင်းကို ရပ်ဆိုင်းပြီး ပြည်တွင်းသုံးစွဲရန်နှင့် သစ်အချောအထည်များ ပြုလုပ်ရန်အတွက် သစ်ထုတ်လုပ်ခြင်းကို နှစ်စဉ်ထုတ်လုပ်နိုင်သည့် ပမာဏ (Annual Allowable Cut-AAC) ထက် ကျော်လွန်ခြင်းမရှိဘဲ တစ်နည်းအားဖြင့် သဘာဝတောကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ ခွင့်ပြုနိုင်သည့် ပမာဏကိုသာ ထုတ်လုပ်ခွင့်ပြုခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ သစ်တောသယံဇာတအပေါ် မှီခိုမှုနှင့် လိုအပ်မှုများလျော့နည်းလာသည်နှင့်အမျှ သစ်ထုတ်လုပ်မှုကဏ္ဍသည်လည်း တဖြည်းဖြည်း လျော့နည်းရပ်ဆိုင်းသွားမည်ဖြစ်ပါကြောင်း။

သဘာဝတော ထိခိုက်နစ်နာမှုမရှိစေရန် သစ်ထုတ်လုပ်ခြင်းကို လျှော့ချထိန်းသိမ်းဆောင်ရွက်သကဲ့သို့ တရားမဝင်သစ်ဖော်ထုတ်ဖမ်းဆီးရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လမှစတင်၍ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ကိုဖွဲ့စည်းပြီး တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တရားမဝင်သစ်ခိုးယူမှု နှိမ်နင်းရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ စီမံချက်ချမှတ်အရေးယူ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** ကို လွှတ်တော်က တင်သွင်းသည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နာဂစ်ကွန်ရက်လမ်းများကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ဆောက်လုပ်ရေးကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများမေးမြန်းဖြေကြားကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး၏ **“ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နာဂစ်ကွန်ရက်လမ်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် လမ်းလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ်ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက်ပိုင်း လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလမ်းမကြီး ၁၁ လမ်းဖောက်လုပ်ခဲ့ပါကြောင်း၊ စုစုပေါင်းလမ်းမိုင်အရှည် ၅၅၄ မိုင် ၅ ဖာလုံ ဖြစ်ပါကြောင်း၊ မြေလမ်းအဆင့် ဆောင်ရွက်ထားပြီး ကတ္တရာလမ်းအဆင့်၊ အမာခံလမ်းအဆင့် တည်ဆောက်လျက်ရှိပါကြောင်း၊တည်ဆောက်ရန်တံတား ၅၆၈ စင်းအနက် ၅၃၃ စင်း တည်ဆောက်ပြီး ဖြစ်ပါကြောင်း၊ ၁၇ စင်းမှာ တည်ဆောက်ဆဲဖြစ်ပါကြောင်း၊ တည်ဆောက်ရန်ကျန်ရှိသော တံတား ၁၈ စင်းသည် မြစ်ကျယ်ကြီးများပေါ်တွင် တည်ဆောက်ရမည့်တံတားများ ဖြစ်ပါကြောင်း။

လမ်းကွန်ရက် အမှတ်(၁) ဖြစ်သည့် မအူပင်-ရေလဲကလေး-ရွှေတောင်မော်- ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းသည် ၅၁ မိုင် ၆ ဖာလုံ ရှည်လျားပြီး ကတ္တရာခင်းခြင်း ၂၆ မိုင် ၂ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၃မိုင် ၃ ဖာလုံ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားအစင်း ၂၀ တည်ဆောက်ရန်ရှိသည့်အနက် တံတား ၁၈ စင်းပြီးစီး၍ တံတား နှစ်စင်းမှာ တည်ဆောက်ဆဲဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည် ဖြစ်ပါကြောင်း။

လမ်းကွန်ရက် အမှတ်(၂) ဖြစ်သည့် မော်လမြိုင်ကျွန်း-လှိုင်းဘုန်း- သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်းသည် ၇၂ မိုင် ၃ ဖာလုံ ရှည်လျားပြီး အမာခံလမ်းခင်းခြင်း တစ်မိုင်သုံးဖာလုံ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတား ၄၆ စင်း တည်ဆောက်ရန်ရှိသည့်အနက် တံတား ၂၉ စင်းတည်ဆောက်ပြီးစီး၍ ဆောင်ရွက်ဆဲတံတားရှစ်စင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ မြစ်ကျယ်ကြီးများပေါ်တွင် ဆောင်ရွက်ရမည့် ကျန်ရှိသည့်တံတားကိုးစင်းအား လာမည့်နှစ်များတွင် ဆက်လက်တည်ဆောက်ရန် စီစဉ်ထားပါကြောင်း။

လမ်းကွန်ရက် အမှတ်(၃) ဖြစ်သည့် လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်းသည် ၃၅ မိုင် ၂ ဖာလုံ ရှည်လျားပြီး ဒုတိယ အခြေခံလွှာ၊ ပထမထပ်ခင်းခြင်း ၄ မိုင် ၃ ဖာလုံ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတား ၁၂ စင်း တည်ဆောက်ရန်ရှိသည့်အနက် ကိုးစင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ မြစ်ကျယ်ကြီးများပေါ်တွင် ဆောင်ရွက်ရမည့် တံတားသုံးစင်းကို တည်ဆောက်နိုင်ခြင်းမရှိသေးပါကြောင်း။

လမ်းကွန်ရက် အမှတ်(၄) ဖြစ်သည့် လပွတ္တာ(ကျောက်ဖျာလေး) သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းသည် ၆၂ မိုင် ၃ ဖာလုံ ရှည်လျားပြီး အမာခံလမ်းခင်းခြင်း ၂ မိုင် ၂ ဖာလုံဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတား ၁၃ စင်းတည်ဆောက်ရန်ရှိသည့်အနက် ၁၁ စင်း တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ ပြွန်ဝချောင်းတံတားကို

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန်    စက်တင်ဘာ    ၁၇**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် အာဆီယံပါလီမန်များ၏ (၃၅)ကြိမ်မြောက် အထွေထွေညီလာခံနှင့်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း **(ယာပုံ)**အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Nilahath SAYARATH နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရန် ကျန်ရှိသည့် သက္ကယ်သောင်မြစ်ကူးတံတားသည် မြစ်ကျယ်ကြီးပေါ်တွင် ဆောင်ရွက်ရမည့် တံတားကြီးဖြစ်သောကြောင့် မြစ်ကျဉ်းသည့်နေရာ ရွေးချယ်၍ တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

လမ်းကွန်ရက် အမှတ်(၅) ဖြစ်သည့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းသည် ၄၁ မိုင် ၂ ဖာလုံ ရှည်လျားပြီး ရန်ပုံငွေကျပ်သန်း ၁၀၉၀ ဖြင့် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတား ၃၇ စင်း တည်ဆောက်ရန်ရှိသည့်အနက် ၃၅ စင်းတည်ဆောက်ပြီး ဖြစ်ပါကြောင်း၊ ဘိုကလေးမြစ်ကူးတံတားသည် ယခုနှစ်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ ကျုံစိန်တံတားသည် လာမည့် ဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း။

လမ်းကွန်ရက် အမှတ်(၆) ဖြစ်သည့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်- အမာလမ်းသည် ၃၈ မိုင် ၅ ဖာလုံ ရှည်လျားပြီး အမာခံလမ်းခင်းခြင်း ၁ မိုင် ၅ ဖာလုံဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတား ၁၆ စင်း တည်ဆောက်ရန်ရှိသည့်အနက် ၁၁ စင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လိပ်ချောင်းတံတား၊ သကံတံတားနှင့် စက်ဆန်းတံတားတို့မှာ ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ပသီချောင်းတံတားနှင့် ကမာဟောက်တံတားကြီးများသည် မြစ်ကျယ်ကြီးများပေါ်တွင် ဆောင်ရွက်ရမည့် တံတားကြီးများဖြစ်၍ တည်ဆောက်နိုင်ခြင်း မရှိသေးပါကြောင်း။

လမ်းကွန်ရက် အမှတ် (၇) ဖြစ်သည့် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းသည် ၅၁ မိုင် ၅ ဖာလုံ ရှည်လျားပြီး ကတ္တရာခင်းခြင်း ၃ မိုင် ၆ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်ရန်ရှိသည့် တံတား ၃၁ စင်းမှာ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။ (သတင်းစဉ်)

လမ်းကွန်ရက် အမှတ်(၈) ဖြစ်သည့် ကျုံကဒွန်း-စက်ဆန်းလမ်းသည် ၁၉ မိုင် ၁ ဖာလုံ ရှည်လျားပြီး အမာခံလမ်းခင်းခြင်း ၇ ဖာလုံ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်ရန်ရှိသည့် တံတားခုနစ်စင်းမှာ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

လမ်းကွန်ရက် အမှတ်(၉) ဖြစ်သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းသည် ၉၆ မိုင်ရှည်လျားပြီး ၁၂ ပေအကျယ် ကတ္တရာလမ်းအဆင့်နှင့် တံတား၊ ရေပြွန် ၃၆၉ စင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

လမ်းကွန်ရက် အမှတ်(၁၀) ဖြစ်သည့် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်းသည် ၆၆ မိုင် ရှည်လျားပြီး ကတ္တရာခင်းခြင်း ၂၀ မိုင် ၄ ဖာလုံ၊ အမာခံလမ်းခင်းခြင်း ၂ မိုင် ၄ ဖာလုံ၊ ကတ္တရာ ရေပိတ်လွှာ ဒုတိယထပ်ခင်းခြင်း ၂ မိုင် ၁ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၅ ဖာလုံ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတား ၁၁ စင်း တည်ဆောက်ရန်ရှိသည့်အနက် ခုနစ်စင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကွဲခြိရေကျော်တံတားမှာ ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြစ်ကျယ်ကြီးများပေါ်တွင် ဆောင်ရွက်ရမည့် စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတားနှင့် လမ်းသမိုင်တံတားတို့ကိုလည်း လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လမ်းကွန်ရက် အမှတ် (၁၁) ဖြစ်သည့် ပုသိမ်-ငပုတောလမ်းသည် ၂၀ မိုင် ၂ ဖာလုံ ရှည်လျားပြီး ကတ္တရာလမ်းအဆင့်ထိ ဆောင်ရွက်ပြီးဖြစ်ပြီး တည်ဆောက်ရန်ရှိသည့် တံတားခြောက်စင်းကို တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ ၁၈ ပေ အကျယ် ကတ္တရာလမ်းရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလမ်းမကြီး (၁၁)လမ်းကို နှစ်စဉ် ရန်ပုံငွေများတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး လမ်းတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။



ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်း၏ **“ကလေးနည်းပညာတက္ကသိုလ်မှ အနောက်ဘက်သို့ ဦးတည်ဖောက်လုပ်သည့် မြို့ပတ်လမ်းအား ဗိုလ်ချုပ်လမ်းမှ ကလေးစက်မှုဇုန်သို့ အဝင်လမ်းနှင့် တည့်မတ်စွာ ဖောက်လုပ်ပေးပြီး မြို့ပတ်လမ်းနှင့် ကျန်စစ်သားလမ်းဆုံရာမှ တက္ကသိုလ်ကျောင်းဝင်းအတွင်းသို့ လမ်းကြောင်းတစ်ခု ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကလေးမြို့နယ် မြို့ပတ်လမ်းနှင့် ကျန်စစ်သားလမ်းဆုံမှ တက္ကသိုလ်ကျောင်းအဝင်လမ်းအထိ ကျောက်ချောလမ်းအရှည် ၂ ဒသမ ၃ ဖာလုံ၊ မြေသားလမ်းအရှည် ၃ ဒသမ ၈ ဖာလုံ စုစုပေါင်းအရှည် ၆ ဒသမ ၁ ဖာလုံရှိသည့် မြို့ပြလမ်းကို ဖောက်လုပ်ရန်အတွက် လယ်မြေများကိုဖြတ်၍ လမ်းဖောက်လုပ်ရမည် ဖြစ်သဖြင့် လယ်ပိုင်ရှင်များနှင့်ညှိနှိုင်း ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ညှိနှိုင်းရရှိမှုအခြေအနေနှင့် ဘဏ္ဍာရန်ပုံငွေ အခြေအနေတို့အပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကလေးနည်းပညာတက္ကသိုလ်မှ စက္ကန့်-ဗိုလ်ချုပ်လမ်း-ကလေး စက်မှုဇုန်အဝင်လမ်း တည့်တည့်ဖောက်လုပ်ပေးရမည့် လမ်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ၌ ခွင့်ပြုထားခြင်းမရှိသေးပါသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် လာမည့် ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားတင်ပြသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **“ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း”** ကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းတင်အောင်က ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းကို ဤဥပဒေအရ ပြင်ဆင်ဖွဲ့စည်းမည့် ရေကြောင်းပို့ဆောင်ရေးအဖွဲ့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေး ဆန်ဆန် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်၊ တာဝန်ဆက်လက်ထမ်းဆောင်မည့် ဝန်ထမ်းများ၏ ရာထူးနှင့် ရပိုင်ခွင့်များ အာမခံမှုရှိစေရန်၊ စီမံခန့်ခွဲရေးအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်စေရန်၊ အဖွဲ့၏ ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စီမံခန့်ခွဲ ဆောင်ရွက်နိုင်စေရန်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း၌ အသစ် ဖြည့်စွက်သင့်သည်များ၊ ပြင်ဆင်ဖြည့်စွက်သင့်သည်များနှင့် ပယ်ဖျက်သင့်သည်များကို ဆောင်ရွက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

● *ရွှေဖုံးမှ*

ဒုတိယ၊ ကမ္ဘောဇအသင်းက ပွဲ ၂၀ ကစား ၃၇ မှတ်ဖြင့် တတိယ၊ မကွေးအသင်းက ပွဲ ၂၀ ကစား ၃၅ မှတ်ဖြင့် စတုတ္ထ၊ ဧရာဝတီအသင်းက ၂၀ ပွဲကစား ၃၃ မှတ်ဖြင့် ပဉ္စမ၊ နေပြည်တော်အသင်းက ပွဲ ၂၀ ကစား ၃၂ မှတ်ဖြင့် ဆဋ္ဌမနေရာတို့တွင် ရပ်တည်နေသည်။

**ရန်ကုန်-ကမ္ဘောဇ**

ရန်ကုန် အသင်းမှာ ယခုပွဲတွင် အနိမ့်ဆုံး သရေကျပါက ပွဲစဉ်မကုန်မီ ဒုတိယနေရာကို ရယူနိုင်မည်ဖြစ်သည်။ ကမ္ဘောဇအသင်းမှာ ယခုပွဲတွင်လည်း ရလဒ်ကောင်းရရှိရန် ကြိုးပမ်းပေလိမ့်မည်။ ပထမအကျော့တွင် တစ်ဂိုးစီ သရေကျခဲ့သည်။

**ဇေယျာရွှေမြေ-မကွေး**

ဇေယျာရွှေမြေအသင်း၏ အိမ်ကွင်းပွဲစဉ်ဖြစ်သော်လည်း မုံရွာကွင်း၌ ကစားနိုင်ခြင်းမရှိသောကြောင့် အောင်ဆန်းကွင်းသို့ ပြောင်းလဲကစားရခြင်းဖြစ်သည်။ တတိယနေရာမှ ကမ္ဘောဇအသင်း ပွဲကျပ်ကစားရမည့်အချိန်တွင် နှစ်မှတ်သာကွာသည့် မကွေးအသင်း နိုင်ပွဲရရှိပါက တတိယနေရာကို မျှော်လင့်နိုင်မည်ဖြစ်ရာ ကြိုးစားကစားပေလိမ့်မည်။ ခြေစွမ်းမကွာသည့် နှစ်သင်းဖြစ်၍ ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်မည်ဖြစ်သည်။

## မြို့တော်အင်္ဂါရပ်နှင့်အညီ ပန်းအလှပင်များ စိုက်ပျိုး

**ပျဉ်းမနား    စက်တင်ဘာ    ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့တွင်း၌ မြို့တော်အင်္ဂါရပ်နှင့်အညီ သာယာလှပစေရေးအတွက် ပန်းအလှပင်နှင့် အရိပ်ရအပင်များ စိုက်ပျိုးခြင်းနှင့် မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေရန် မြို့တွင်းရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့တွင်း၌ ပန်းအလှပင်နှင့် အရိပ်ရပင် ၃၅၀၀ စိုက်ပျိုးခဲ့၍ မြို့တွင်းမြေသားရေမြောင်း အရှည် ၅၀ ဒသမ ၀၅ မိုင်၊ ကျောက်၊ အုတ်စီ ရေမြောင်းအရှည်ပေ ၁၁၁၀၀ တို့ကို တည်ဆောက်တူးဖော်ခဲ့ကြောင်း သိရသည်။

**(၁၈၅)**

## သွေးတိုးရောဂါကာကွယ်ရေး နှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လူ ၁၀ ဦး အသက်ဆုံးရှုံးတိုင်း တစ်ဦးသည် သွေးတိုးရောဂါကြောင့်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားပါသည်။ သွေးပေါင်ချိန် (၁၄၀/၉၀ )မီလီမီတာ မာကျူရီနှင့် အထက်ရှိလျှင် သွေးတိုးရောဂါရှိသည်ဟု သတ်မှတ်ထားပါသည်။

သွေးတိုးရောဂါ၏ လက္ခဏာများမှာ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ မျက်စိပြာခြင်း၊ အော့အန်ခြင်း၊ မိုက်ခနဲ မိုက်ခနဲဖြစ်ခြင်းနှင့် သတိလစ်ခြင်းတို့ဖြစ်ပါသည်။ အချို့လူများတွင် သွေးတိုးရောဂါရှိသော်လည်း မည်သည့်လက္ခဏာမှမပြဘဲ ရှိနေတတ်ပြီး ရုတ်တရက် သွေးတိုးရောဂါ၏ နောက်ဆက်တွဲဝေဒနာများကို ခံစားရတတ်ပါသည်။

သွေးတိုးရောဂါ၏ နောက်ဆက်တွဲဝေဒနာများမှာ နှလုံးကြီးခြင်း၊ နှလုံးညှစ်အား လျော့ကျခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ပိတ်ခြင်း၊ မျက်စိဝေခြင်း၊ မှုန်ခြင်း၊ ကွယ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ရုတ်တရက် ဦးနှောက်သွေးကြောပိတ်ခြင်း၊ ဦးနှောက်ရောင်ခြင်း၊ လေဖြတ်ခြင်းတို့ဖြစ်ပါသည်။

သွေးတိုးရောဂါသည် လူတို့နေထိုင်မှုဘဝဟန်နှင့် ဆက်သွယ်နေသည့် နာတာရှည်ရောဂါဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ ဆား၊ အငန်နှင့် အဆီအဆိမ့်အစားများခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ ဆီးချို၊ သွေးချိုရောဂါရှိခြင်း၊ ဆေးလိပ်နှင့် အရက်အလွန်အကျွံသောက်ခြင်းတို့ကလည်း သွေးတိုးရောဂါဖြစ်ပွားခြင်းကို အားပေးစေပါသည်။

သွေးတိုးရောဂါကာကွယ်နိုင်ရန် ကိုယ်အလေးချိန်ထိန်းသိမ်း၍ အဝမလွန်အောင် နေထိုင်စားသောက်ခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက်လမ်းလျှောက်ခြင်း၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများများ စားသုံးခြင်း၊ စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်ခြင်း၊ ဆားနှင့် ဟင်းချိုမှုန့် အသုံးပြု၍ ပြုလုပ်ထားသော ငါးပိ၊ ငါးခြောက်နှင့် အရန်သင့်စားသုံးနိုင်သော အစားအစာများကို ရှောင်ကြဉ်ခြင်း၊ အဆီကို လွန်ကဲစွာစားသုံးခြင်း၊ အရက်နှင့် ဆေးလိပ်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို ပြုလုပ်ကြပါရန်နှင့် သွေးတိုးရောဂါရှိပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် သွေးပေါင်မှန်မှန်ချိန်ပြီး စနစ်တကျ ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

✳ *ကျောဖုံးမှ*

ရေကြီးရေကျော်ဖြစ်မှုကြောင့် ဉယျာဉ်နှင့် လယ်ထဲတို့၌ မွေးမြူထားရှိသော ကျွဲကောင်ရေ ၃၀ ကျော်ခန့်၊ နွားကောင်ရေ ၁၅၀ ခန့်နှင့် အိမ်မွေးဝက်အကြီး ၈၀ ၊ အငယ် ၄၀ ခန့် ဆုံးရှုံးသွားကြောင်းသိရပြီး ရေကြီး၍ လမ်းရေကျော်မှုကြောင့် ခေတ္တရပ်နားထားရသော မော်တော်ယာဉ်များမှာ မွန်းတည့် ၁၂ နာရီတွင် ဒေသခံပြည်သူများ၊ တပ်မတော်သားများက ကူညီဆောင်ရွက်ပေးမှုကြောင့် မွန်းလွဲ ၁ နာရီခန့်တွင် မော်တော်ယာဉ်များအားလုံး ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် စမတောင်ရှိ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်သို့ အလှူငွေ၊ ဆန်နှင့် အလှူပစ္စည်းများ လှူဒါန်းပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိ စမတောင်ရှိ မဟာပရဟိတလူငယ် ဖွံ့ဖြိုးရေးဥယျာဉ်တွင် ယနေ့မွန်းလွဲပိုင်းက အလှူငွေ၊ ဆန်နှင့် အလှူပစ္စည်းများ လှူဒါန်းသည့်အခမ်းအနားကို ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဆန်အိတ် ၁၀၀ နှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းများ လှူဒါန်းသည့် အလှူငွေနှင့် စာရေးကိရိယာများ၊ အလှူပစ္စည်းများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာခင်ရွှေက ငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း၊ ဦးနေဝင်းထွန်းနှင့် ဦးဌေးဝင်းတို့က ငွေကျပ် သိန်း ၂၀ စီကို လည်းကောင်း၊ ဦးစိုးဟန်လင်းက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း လှူဒါန်းရာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါစမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကို စမတောင်ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဘဒ္ဒန္တဉာဏိန္ဒတို့က ရင်ခွင်မဲ့ကလေးငယ်များ၊ ဘဝချို့တဲ့သည့် ကလေးသူငယ်များအား ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယနေ့အထိ ဘွဲ့ရလူငယ် ၂၀ ပြုစုမွေးထုတ်ပေးနိုင်ခဲ့သည်။



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိ စမတောင်ရှိ မဟာပရဟိတလူငယ် ဖွံ့ဖြိုးရေး ဥယျာဉ်သို့ အလှူငွေ၊ ဆန်နှင့် အလှူပစ္စည်းများ လှူဒါန်းပွဲတွင် ဆရာတော် များ ထံ အလှူ ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။**
(သတင်းစဉ်)

အဆိုပါ ဘွဲ့ရလူငယ်များက ဆရာအဖြစ် တာဝန်ယူ၍ ယင်းလူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်ရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိသည်။

လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တွင် ရင်ခွင်ပိုက်ကလေး ၄၂ ဦး အပါအဝင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် တက် ရောက်နေကြသည့် တိုင်းရင်းသားကလေးသူငယ် စုစုပေါင်း ၄၂၆ ဦးကို ပြုစုပျိုးထောင် ထောက်ပံ့ပေးလျက်ရှိသည်။

ယနေ့ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၁၆၆၂၅၀၀၀ နှင့် ဆန်အိတ် ၁၀၀၊ အဝတ်အထည်၊ စာရေးကိရိယာများ အပါအဝင် တန်ဖိုးငွေကျပ် ၂၃၆၀၀၀၀ ဖြစ်၍ စုစုပေါင်း ငွေကျပ် ၁၈၉၈၅၀၀၀ ကိုလှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

### ✳ ကျောဖုံးမှ

လှေလှော်အားကစား လေ့ကျင့်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အားကစားသမားများ လေ့ကျင့်နေမှုများ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ငှားရမ်းထားသော နည်းပြအားတွေ့ဆုံ၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စင်ကာပူနိုင်ငံတွင်ကျင်းပမည့် အကြိုဆီးဂိမ်း လှေပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

### မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်း ဒေသများတွင် မိုးပိုလာနိုင်သည်။

**(မိုး/ဇလ)**

# ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၁၇

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လူဇင်ဘတ်နိုင်ငံ CAOG S.a r.l နှင့် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီ Apex Geo Services Co., Ltd . တို့သည် ကုန်းပိုင်းလုပ်ကွက် MOGE 4 (မြင်သာဒေသ)အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract ) ကို စက်တင်ဘာ ၁၇ ရက် ညနေ ၆ နာရီတွင် Hotel Max နေပြည်တော်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။**




လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်၊ ဦးခင်မောင်စိုး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဧရာဝတီတိုင်းဒေသကြီးမှ စွမ်းအင်ကဏ္ဍဆိုင်ရာဝန်ကြီး၊ CAOG S.a r.l မှ Business Development Director ဖြစ်သူ Mr. David Walker နှင့် တာဝန်ရှိသူများ၊ Apex Geo Services Co., Ltd. မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အဖွင့်အမှာစကား ပြောကြားပြီး CAOG S.a r.l မှ Business Development Director ဖြစ်သူ Mr . David Walker နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်များကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ CAOG S.a r.l မှ Mr. David Walker၊ Apex Geo Services, Co., Ltd. မှ Executive Director ဖြစ်သူ ဒေါ်ဥမ္မာညိုတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယခုလက်မှတ်ရေးထိုး ချုပ်ဆိုသည့် MOGE 4 သည် ဧရာဝတီတိုင်းဒေသကြီးတွင် တည်ရှိသည်။ အဆိုပါစာချုပ်လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ နှစ်သန်းရရှိမည်ဖြစ်သည်။ နိုင်ငံခြားရေနံကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု/ လူမှုရေးထိခိုက်မှု ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများ (EIA/SIA) ကို သက်ဆိုင်ရာ တိုင်းဒေသကြီးများရှိ လုပ်ကွက်ဒေသများ၌ စတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နောက်ပိုင်းတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးများနှင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အလားတူ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ Brunei National Petroleum Company Sdn. Bhd ., နှင့် မြန်မာနိုင်ငံ IGE Pte., Ltd. တို့သည် ကုန်းပိုင်းလုပ်ကွက် EP-1 (ကျောက်ကြီး- မင်းတုန်းဒေသ)အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ ချုပ်ဆိုပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် တက်ရောက်ပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Brunei National Petroleum Company Sdn. Bhd., မှ Managing Director & CEO Dato Paduka Matsatejo Sokiaw၊ IGE Pte., Ltd မှ Managing Director ဦးသန်းဝင်းဆွေတို့က နှစ်ဖက်သဘောတူ စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**(သတင်းစဉ်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် သတင်းထုတ်ပြန်ချက်

၁။ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့စွဲဖြင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂ အဖြစ် ထုတ်ပြန်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေအရ နိုင်ငံတော်သမ္မတက ၂၀၁၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် အမိန့်အမှတ် ၁၉/၂၀၁၄ ဖြင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

၂။ ဤကော်မရှင်ရုံးကို နေပြည်တော်ဝဏ္ဏသိဒ္ဓိရပ်ကွက် အားကစားတည်းခိုရေးစခန်း (ယခုနေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း) အုပ်စု (၁)တွင် ၂၀၁၄ ခုနှစ် မတ်လ ၁၀ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ အစိုးရအဖွဲ့အစည်းများအတွင်း အဂတိတရားနှင့် လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းရန် ဒုတိယသမ္မတတစ်ဦး ဦးစီးသော လာဘ်ပေးလာဘ်ယူမှုအရေးယူ ဆောင်ရွက်ရေးကော်မတီမှလည်းကောင်း၊ နိုင်ငံတော်သမ္မတထံ တိုင်ကြားသည့်ကိစ္စများကို နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးတစ်ဦးက ဦးစီး၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှလည်း ၄င်းထံတင်ပြလာသည့် တိုင်ကြားစာများကိုစိစစ်၍လည်းကောင်း၊ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ယင်းသတင်းထုတ်ပြန်ချက်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် ခိုင်လုံသောအထောက်အထား၊ အရေးကြီးသောသက်သေခံချက်များကို တိုင်ကြားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ လိပ်စာအပြည့်အစုံဖော်ပြလျက် ဤကော်မရှင်ဥက္ကဋ္ဌထံသို့ တိုင်ကြားနိုင်ကြောင်း အသေးစိတ်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

၄။ ယခုအခါ ဤကော်မရှင်၏ သက်တမ်းမှာ(၆)လခန့်ရှိပြီဖြစ်၍ ဤကာလအတွင်း ရုံးဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ခြင်းများကို ကော်မရှင်အဖွဲ့ဝင် ၁၅ ဦးနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းလျက် ပြည်သူဗဟိုပြုသန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရေး ရည်ရွယ်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုဝင်ရောက်ခဲ့သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာစာချုပ် UNCAC အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် ဤကော်မရှင်အနေဖြင့် ဂျာမနီနိုင်ငံအခြေစိုက် ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့၏ နိုင်ငံတကာပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့၊ အတွင်းရေးမှူးချုပ်ရုံးမှ အာရှပစိဖိတ်ဒေသဆိုင်ရာ မန်နေဂျာနှင့်လည်းကောင်း၊ UNODC ၏ ဒေသဆိုင်ရာ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးအကြံပေးနှင့်လည်းကောင်း လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။ ၄င်းအပြင် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစီအစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၂-၉-၂၀၁၄ ရက်နေ့မှ ၄-၉-၂၀၁၄ ရက်နေ့အထိ ကျင်းပခဲ့သော (၈)ကြိမ်မြောက် အာရှပစိဖိတ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဖရင့်နှင့် (၁၉) ကြိမ်မြောက် အမှုဆောင်အစည်းအဝေးများသို့ ဤကော်မရှင်မှ အဖွဲ့ဝင်နှစ်ဦး ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပါသည်။

၆။ ယခုကဲ့သို့ ဖွဲ့စည်းပြင်ဆင်ခြင်းများ လုပ်ဆောင်နေသည့် တစ်ချိန်တည်းမှာပင် ဤကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရာတွင် ကြုံတွေ့နိုင်မည့် အားနည်းချက်၊ အားသာချက်များကို ရှာဖွေလေ့လာသုံးသပ်ကာ စုစည်းပြုစုခြင်း၊ နည်းဥပဒေမူကြမ်းကို ညှိနှိုင်းဆွေးနွေးရေးဆွဲပြုစုခြင်း၊ ပြည်သူတို့၏ တိုင်ကြားစာများကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ ဦးစွာ စိစစ်လေ့လာခြင်း၊ ဆွေးနွေးသုံးသပ်ခြင်း၊ ဆက်လက်စုံစမ်းစစ်ဆေးရန် သင့်/မသင့် စဉ်းစားဆုံးဖြတ်ခြင်းများ ပြုလုပ်ကာ ဤကော်မရှင်က ဆောင်ရွက်ရမည့်ကိစ္စရပ်မျိုးမဟုတ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့ခြင်း၊ လိုအပ်ပါက စုံစမ်းစစ်ဆေးအရေးယူခြင်းများ ပြုလုပ်လျက်ရှိပါသည်။

၇။ ဤကော်မရှင် သက်တမ်း (၆)လအတွင်း ၁၂-၃-၂၀၁၄ ရက်နေ့မှ ၂၁-၈-၂၀၁၄ ရက်နေ့အထိ ပြည်သူတို့၏ တိုင်ကြားစာ (၅၃၃) စောင် လက်ခံရရှိခဲ့ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီသော တိုင်ကြားစာ (၃) စောင်ကို စုံစမ်းစစ်ဆေးတရားစွဲဆို အရေးယူခဲ့ပြီးဖြစ်ပါသည်။ တိုင်ကြားစာများတွင် မြေယာကိစ္စ (၁၇၀)၊ တရားစီရင်ရေးကိစ္စ (၉၅)၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စ (၂၃၈) နှင့် အထွေထွေကိစ္စ (၃၀) တို့ ဖြစ်ကြပါသည်။

၈။ ဤကော်မရှင်က တိုင်ကြားစာများကိုစိစစ်ရာတွင် အချို့မှာ အဓိကကျသော ခိုင်လုံသည့်အထောက်အထား၊ အရေးကြီးသောသက်သေခံချက်များ မပါရှိခြင်း၊ တိုင်ကြားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့မပါရှိဘဲ ပစ်စာသဘောမျိုးဖြစ်နေခြင်း၊ အချို့မှာ တရားရုံးတွင် အမှုစွဲဆိုဖြေရှင်းရမည့်ကိစ္စရပ်များဖြစ်နေခြင်း၊ အချို့မှာ ပုဂ္ဂိုလ်ရေးငွေပေးငွေယူကိစ္စအပေါ်မကျေနပ်၍ တိုင်ကြားခြင်း၊ အချို့မှာ ဌာနဆိုင်ရာအရ အရေးယူပြီးဖြစ်သော်လည်း ထောင်ဒဏ်ချမှတ်သည့် ပြစ်ဒဏ်မျိုးဖြင့် အရေးယူခြင်းမရှိ၍ တိုင်ကြားခြင်း၊ အချို့မှာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ဖြေရှင်းဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များဖြစ်နေခြင်းများ လေ့လာတွေ့ရှိရပါသည်။

၉။ ဤကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လေးစားလိုက်နာဆောင်ရွက်ရသည့်အတွက် ဤဥပဒေနှင့် သက်ဆိုင်အကျုံးဝင်ခြင်း၊ ကိုက်ညီခြင်းမရှိသည့်ကိစ္စရပ်များကို အရေးယူဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။

၁၀။ သို့ဖြစ်ပါ၍ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ် ကျင့်သုံးရာတွင် ပြည်သူများ၏တိုင်ကြားစာများကို ဤကော်မရှင်က ထိရောက်သွက်လက်စွာ အရေးယူဆောင်ရွက်သွားနိုင်ရန် ဥပဒေပါ သတ်မှတ်ချက်များအတိုင်း ပြည့်စုံစွာ တင်ပြတိုင်ကြားကြရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် သတင်းထုတ်ပြန်ချက်များကိုလည်း အခါအားလျော်စွာ အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**
**အုပ်စု(၁)၊ အားကစားလေ့ကျင့်ရေးစခန်း**
**ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ နေပြည်တော်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ မီဒီယာဖော်ပြမှုတိုးတက်စေရေး ဆွေးနွေး

သတင်း-သွန်းဝသန်
ဓာတ်ပုံ-မေဦးမိုး

**ရန်ကုန် စက်တင်ဘာ ၁၇**

ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ မီဒီယာသတင်းဖော်ပြမှုများ ပိုမိုတိုးတက်စေရန်အတွက် မီဒီယာများနှင့် လူထုအဖွဲ့အစည်းများအကြား အပြန်အလှန်ဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။




အဆိုပါ ဆွေးနွေးပွဲ၌ ငြိမ်းချမ်းရေးဖော်ဆောင်မှုများအတွင်း ပြည်တွင်းမီဒီယာများ၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်မှုများ၏ အားနည်းချက်၊ အားသာချက်များကို ထောက်ပြခဲ့ကြပြီး လိုအပ်ချက်များကိုလည်း ဖော်ထုတ်တင်ပြဆွေးနွေးခဲ့ကြသည်။

"မီဒီယာနဲ့ လူထုအဖွဲ့အစည်း နှစ်ရပ်စလုံး ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့သက်တမ်းအားဖြင့် သုံးနှစ်ခွဲသာ ရှိပါသေးတယ်။ ပြည်တွင်း လူမှုအဖွဲ့အစည်းတွေရော၊ မီဒီယာတွေမှာပါ လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ ပူးပေါင်းအဖြေရှာပြီး တစ်ဦးရဲ့ အားနည်းချက်၊ လိုအပ်ချက်တွေကို ထောက်ပြပြင်ဆင်သွားဖို့ လိုအပ်ပါတယ်"ဟု မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)အတွင်းရေးမှူး ဦးကျော်မင်းဆွေ(**အပေါ်ယာပုံ**)က ပြောကြားသည်။

ပြည်တွင်းမီဒီယာများ၌ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာသတင်းများ ဖော်ပြရာတွင် နည်းစနစ်တကျဖော်ပြခြင်းများမြင်တွေ့လာရပြီ ဖြစ်သော်လည်း သတင်းနောက်ဆက်တွဲဖော်ပြမှုအားနည်းခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံး ခြုံငုံရေးသားနိုင်မှုမရှိခြင်း၊ ပြည်သူလူထု၏ ပကတိအနေအထားဖော်ပြနိုင်မှု အားနည်းခြင်း၊ နိုင်ငံရေးပါတီများအတွက် လိုအပ်သည့် အချက်အလက်များ ထောက်ပြနိုင်စွမ်း အားနည်းခြင်း၊ နှစ်ဖက်လိုအပ်ချက်များအပေါ် ဘက်မလိုက်ဘဲ မျှတစွာ ရေးသားနိုင်စွမ်း အားနည်းခြင်း၊ လက်နက်ကိုင် အဖွဲ့အစည်းများအကြား ရပ်တည်ချက်များ၊ သဘောထားများနှင့် အခန်းကဏ္ဍများအား ဘက်မျှစွာ သတင်းရယူနိုင်ရန် အခက်အခဲရှိနေသေးခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအကြား သဘောတူညီချက်များ၏နောက်ဆက်တွဲများ ရယူရေးသားနိုင်မှု အားနည်းနေခြင်း၊ စီးပွားရေးနှင့် အခွင့်အလမ်းဆိုင်ရာ နှစ်ဖက်ညီမျှစွာ ရေးသားမှု အားနည်းခြင်းများရှိနေသေးကြောင်း အဆိုပါ ဆွေးနွေးပွဲ၌ ဖော်ထုတ်ဆွေးနွေးကြသည်။

"သတင်းထောက်တွေကြောင့် ကျွန်မတို့ရဲ့ ဒေသခံတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေ အကြောင်းကို လူထုက သိရှိလာရတယ်။ အဲဒါက ကောင်းမွန်တဲ့အကျိုးကျေးဇူးတွေဖြစ်ပါတယ်။ သို့သော် စိန်ခေါ်မှုတွေရှိပါတယ်။ မီဒီယာတွေရဲ့ ဗဟုသုတနဲ့ အတွေ့အကြုံနည်းမှုတွေကြောင့် မလိုလားအပ်တဲ့ ပြဿနာမျိုးတွေလည်း ရှိတယ်။ အဓိကကတော့ ငြိမ်းချမ်းရေးနဲ့ ပဋိပက္ခဖြစ်စဉ်တွေအကြောင်း ရေးသားတဲ့ မီဒီယာသမားတွေအနေနဲ့ Background Knowledge တွေ အားနည်းနေတာတွေ့ရပါတယ်။ကိုယ်ရေးတဲ့အကြောင်းကို အတတ်နိုင်ဆုံး ကြိုတင်သိရှိအောင် နားလည်ထားဖို့တော့ ကြိုးစားသင့်တယ်"ဟု ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ ဒေါ်ခွန်ဂျာက ပြောကြားသည်။

သတင်းမီဒီယာများ အနေဖြင့် မိမိသတင်းရယူမည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ အကဲဆတ်မှုကိုလည်း အထူးသတိထားရန်လိုအပ်နေသေးကြောင်း၊ ဥပမာအနေဖြင့် ကရင်လူမျိုးအမျိုးသမီးများ၏ အမည်နာမရှေ့တွင် ဒေါ်တပ်ခေါ်ရန်မလိုအပ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များအား သောင်းကျန်းသူများအဖြစ် မသုံးစွဲသင့်ကြောင်း၊ ထို့အတူ မီဒီယာမှတစ်ဆင့် သတင်းမှန်များ ထွက်ရှိရေးအတွက် တစ်ဦးအပေါ် တစ်ဦးနားလည်ကာ အတူပူးပေါင်းခြင်းဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်များအကြောင်း ပိုမိုပေါ်လွင်စေမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

"ငြိမ်းချမ်းရေးနဲ့ ပဋိပက္ခချုပ်ငြိမ်းရေး၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးတွေအတွက် အားလုံးဖော်ဆောင်နေကြတာဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့အားလုံးအရည်အချင်းနဲ့ အတွေ့အကြုံပိုင်းမှာ အားနည်းနေတာကြောင့် အမှားအယွင်းတွေ ရှိနေရခြင်းဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးဟာ အချို့သော တိုင်းပြည်တွေနဲ့ နှိုင်းယှဉ်ရင် ညင်သာမှုရှိပါတယ်။ ချက်ချင်းတော့ အရာရာတိုင်း မပြောင်းလဲနိုင်ပါဘူး။ သို့သော် အချို့နေရာတွေမှာ ကိုယ်ခံစားရတဲ့ အခက်အခဲနဲ့ ဖိနှိပ်မှုတစ်မျိုးမျိုးကို အသုံးချမှုတစ်ခုရလာတဲ့အခါ အမုန်းဓာတ်ခံနဲ့ တစ်ဖက်စောင်းနင်းမရေးမိဖို့တော့ လိုအပ်ပါတယ်။ သို့သော် ဒါကလည်း မီဒီယာမှာတင် မဟုတ်ပါဘူး။ Civil Socieity Organization တွေမှာလည်းရှိပါတယ်။ အားလုံးမှာလည်း ရှိနိုင်တဲ့အတွက် မျှတစွာဆောင်ရွက်သွားကြဖို့လိုအပ်ပါတယ်"ဟု ဦးကျော်မင်းဆွေက ပြောကြားသည်။

"ကျွန်မအနေနဲ့ မီဒီယာတွေရဲ့ အကျိုးကျေးဇူးကို နားလည်ပါတယ်။ မီဒီယာတွေကနေ ကျွန်မတို့အတွက် အကူအညီကောင်းတွေရရှိခဲ့ပေမယ့် အမှားအယွင်းတွေတော့ ရှိနေသေးတာ တွေ့ရပါတယ်။ ဥပမာပြောရရင် ကျွန်မတို့ကို သောင်းကျန်းသူလို့ သုံးနှုန်းတာ ဂျာနယ်အချို့မှာ မြင်တွေ့နေရသေးတယ်။ ကျွန်မအမြင်ပြောရရင် ငြိမ်းချမ်းရေးရရှိအောင်၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နေကြပြီး စားပွဲပေါ်မှာဖြေရှင်းနိုင်အောင် အားလုံးကြိုးပမ်းနေကြပါပြီ။ နှစ်ပေါင်း ၆၀ ကျော်က အကြောင်းအရာတွေကို သုံးနှစ်ကျော်ကာလနဲ့ အလုံးစုံ အောင်မြင်ဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ အကောင်းဆုံးဆောင်ရွက်နေကြတဲ့အချိန်မှာ အမှားအယွင်းတွေ၊ ခံစားချက်ပြင်းထန်မှုတွေကနေ ပြဿနာတွေ ဖြစ်လာမှာစိုးရိမ်မိတယ်။ မီဒီယာတွေနဲ့ လူမှုအဖွဲ့အစည်းတွေအကြား နားလည်မှုတွေ၊ ယုံကြည်မှုတွေ ပိုမိုတည်ဆောက်ထားသင့်ပါတယ်"ဟု ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်မှ နော်စူစန်နာလှလှစိုးက အကြံပြုပြောကြားသည်။

အဆိုပါဆွေးနွေးပွဲအား အီးယူမှ ထောက်ပံ့ပေးထားသည့်မြန်မာမီဒီယာများ ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ပေးနေသော Internews မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လျက်ရှိသည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)၊ ပြည်တွင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

*စာမျက်နှာ ၁၀ မှ*

ဖုန်းဖြင့် ဆက်သွယ်ကာ အလုပ်သမားများအား ထိန်းသိမ်းရန် မလွယ်ကူတော့ကြောင်း အကြောင်းကြားလာသဖြင့် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင် ငါးဦးတို့သည် စက်ရုံဝင်းအတွင်းသို့သွားရောက်ကာ အလုပ်သမားများအား လက်ရှိဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသော်လည်း လက်မခံဘဲ ယခုလကုန်တွင် ရရှိလိုကြောင်း ပြောကြားပြီး စက်ရုံခြံတံခါးသော့ကို ပိတ်ကာ ညွှန်ကြားရေးမှူးချုပ်အား အပြင်ထွက်ခွင့်မပေးခဲ့သဖြင့် ညွှန်ကြားရေးမှူးချုပ်က အောက်တိုဘာ ၉ ရက်တွင် လေလံတင်ပြီးသည်နှင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသော်လည်း လက်မခံခဲ့ကြောင်းသိရသည်။

ထိုနေ့ ည ၁၀ နာရီခွဲခန့်တွင် ရဲမှူးကြီး ချစ်ဦး ဦးစီးသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် စက်ရုံအဝသို့ ရောက်ရှိလာခဲ့ပြီး ည ၁၀ နာရီ ၄၅ မိနစ်တွင် ပင်မတံခါးကြီးအား ရဲမှူးကြီးကိုယ်တိုင်ဖြတ်ကျော်နင်းဖျောင်းဖျသော်လည်း ည ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် အလုပ်သမားများက ပလတ်စတစ်ရေဘူးများ၊ ဝါးလုံးများဖြင့် ရဲတပ်ဖွဲ့ဝင်များအား ရိုက်နှက်မှု ဖြစ်ပွားခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များမှ ပြန်လည်ကာကွယ်မှုများ ပြုလုပ်ခဲ့သည်။

ယင်းဖြစ်စဉ်တွင် ရဲတပ်သားကိုးဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အလုပ်သမားများဘက်ကလည်း ပွန်းပဲ့ထိခိုက်မှု အနည်းငယ်ရှိကြောင်း သိရသည်။

ထိုည ၁၀ နာရီ ၅၅ မိနစ်တွင် ညွှန်ကြားရေးမှူးချုပ်အား စက်ရုံပြင်ပသို့ ဆွဲထုတ်နိုင်ခဲ့ပြီး အလုပ်သမားများအားလည်း နေအိမ်များသို့ ပြန်နိုင်ရန် မော်တော်ယာဉ်ငါးစီး စီစဉ်ပေးခဲ့ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

အလုပ်သမားများအတွင်းမှ မနီလာဝင်းနှင့် မရင်အေးတို့အား ဖမ်းဆီးရမိခဲ့ပြီး ခံဝန်လက်မှတ်ရေးထိုးစေခဲ့ကာ ပြန်လည်စေလွှတ်ခဲ့ပြီး အခင်းဖြစ်သည့် စက်ရုံမျက်နှာချင်းဆိုင်မှ ရက်စ်အထည်ချုပ်စက်ရုံတွင် ယာယီကွပ်ကဲရေးရုံးဖွင့်လှစ်ထားပြီး အမှတ် (၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ၅၀၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ၈၄ ဦးနှင့် မြို့နယ်တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း ရဲမှူးကြီး ချစ်ဦးက အတည်ပြုပြောကြားသည်။

**(မြန်မာ့အလင်း)**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)**
**(၃၃)နှစ်မြောက် နှစ်ပတ်လည် ညစာစားပွဲအခမ်းအနား**
**ဖိတ်ကြားခြင်း**

၁။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)၏ (၃၃)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည် ညစာစားပွဲအား အောက်ပါအချိန်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များအား ဖိတ်ကြားအပ်ပါသည်။

**ဂေါက်ပြိုင်ပွဲနေရာ** - ပေါင်းလောင်းဂေါက်ကွင်း
**နေ့ရက်/အချိန်** - ၂၀-၉-၂၀၁၄ ရက်၊ နံနက် ၆ နာရီ
**ညစာစားပွဲနေရာ** - Jade Gallery Hotel
**နေ့ရက်/အချိန်** - ၂၀-၉-၂၀၁၄ ရက်၊ ညနေ ၆း၃၀ နာရီ

၂။ တက်ရောက်နိုင်မည့် သူငယ်ချင်းများနှင့်မိသားစုဝင်များ အောက်ပါဖုန်းနံပါတ်များသို့ ၁၈-၉-၂၀၁၄ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပါရန် အသိပေး အကြောင်းကြားပါသည်။

**ဆက်သွယ်ရန်-**
**ဗိုလ်မှူးကြီး ဌေးနိုင် ဖုန်း-၀၉-၃၉၁၀၃၂၅၁၊ ၀၉-၄၂၀၇၀၇၈၂၃**
**ဗိုလ်မှူးကြီး မြင့်ကိုကို ဖုန်း-၀၉-၃၉၁၀၃၇၃၉**
**ဒု-ဗိုလ်မှူးကြီး တေဇ(ငြိမ်း)ဖုန်း-၀၉-၈၃၀၂၉၈၉**

**ပျောက်ဆုံးကြောင်း**

ကမ္ဘာလုံးကြယ် ငွေရေးကြေးရေးကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် ၄၄၀၄/၂၀၁၃-၂၀၁၄ (၁၃-၁၂-၂၀၁၃) ကတ်ပြားမူရင်းမှာ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၁-၅၀၃၈၇၆**

**ရောင်းမည်**

Dump Truck, LIFAN (၆ ပေါက်)
2013 model, 3F 6-----
သိန်း ၁၀၀ (ညှိနှိုင်း)
**ဖုန်း-၀၉-၄၉၂၁၃၆၅၉၊ ၀၉-၄၄၀၀၀၅၉၇၂**




**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ် ၄၄၁/ခ၊ မြေကွက်တည်နေရာအမှတ်(၄၄၁/ခ) (၁၄)လမ်း၊၁၀ရပ်ကွက်၊ တ/ဥ၊ (ဦးလှထွန်း) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား (ဦးလှထွန်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား (ဦးလှထွန်း)ကွယ်လွန်သဖြင့် ဒေါ်တင်စိန် ၁၂/ဥကတ(နိုင်)၀၈၅၈၇၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**REQUEST FOR EXPRESSIONS OF INTEREST**
**Ministry of Livestock, Fisheries and Rural Development**
**Department of Rural Development**
**Strengthening Capacity of the Department of Rural Development for Coordination of Rural Development Activities**
**Assignment Title: National Project Operations Consultant (Three Positions)**

The Department of Rural Development (DRD) is being implementing "Strengthening Capacity of the Department of Rural Development for Coordination of Rural Development Activities to Implement the Government's Poverty Alleviation and Rural Development Action Plan" funded by IFAD.

DRD intends to apply part of the proceeds for the hiring of National Project Operations Consultants. The Consulting services ("the services") include.

- Assist in the preparation of training manuals for project training activities at the national, township and village levels;
- Provide advice as needed to the Project Implementation Committee (PIC) and Project Implementation Unit (PIU) at the township level in implementing project activities in pilot villages;
- Assist the PIC and PIU in designing and implementing project training activities at the township and village levels;

DRD now invites eligible consultants to indicate their interest in providing the Services. Interested Consultant should provide personal information demonstrating that they have the required qualifications and relevant experience to perform the service.

The assignment period will be for six (6) months and expected to commence mid October 2014. The assignment shall be extended based on the consultants' performance and project needs.

Expressions of Interest must be submitted in a written form to the address below (in person, or by mail, or by e-mail) by October 2, 2014.

Further information and a copy of the detailed Terms of Reference (TOR) may be obtained through email or from the address below during office hours from 09:00 to 16:00, Monday through Firday, except public holidays.

Attn: U Khant Zaw (Deputy Chief Engineer),
Department of Rural Development
Ministry of Livestock, Fisheries and Rural Development,
Office No. 14, Nay Pyi Taw, Myanmar.
Tel & Fax: 067-409408
**Email address: ir.drdhq@gmail.com**
**cc:minnzarni@ gmail.com**

**ပျောက်ဆုံး**

ကျွန်မ မအိအိမော် ၁၂/သဃက(နိုင်)၁၇၄၆၁၉ ၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၂၇၄၇

**ကန့်ကွက်နိုင်ပါကြောင်း**

ပုဂံမြို့၊ ဂန့်ဂါရပ်ကွက်၊ ဟိုတယ်ဇုန်(၄)ရှိ အကွက်အမှတ်(၁၅၅၉)၊ ကွင်းအမည် ထနောင်းခါးလှကွင်းရှိ ဒေါ်စန်းစန်းထွန်း ပိုင်ဆိုင်သော ဦးပိုင်အမှတ် B-39, B-40 နှင့် ဒေါ်ဇာဏီထွန်း ပိုင်ဆိုင်သော ဦးပိုင်အမှတ် B-31 နှင့် B-32 ဟု ခေါ်တွင်သော မြေကွက်များ၏ ဂရန်စာချုပ်မူရင်း ပျောက်ဆုံးနေပါသဖြင့် မြေငှားဂရန်စာချုပ်မိတ္တူ ကူးယူခွင့်ပြုနိုင်ပါရန် သက်ဆိုင်ရာ တရားရုံးကျမ်းကျိန်လွှာနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပုဂံရဲတပ်ဖွဲ့စခန်းထောက်ခံချက်များနှင့်အတူ ပူးတွဲတင်ပြ လျှောက်ထားခဲ့ရာ ညောင်ဦးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေငှားဂရန်မူရင်းအစားထိုး ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအကြောင်းပြချက်စာရွက်စာတမ်းများ ယူဆောင်၍ ၁၈-၉-၂၀၁၄ရက် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်ဦးခရိုင်**

# မန်ယူတို့ အဝေးကွင်းမှာ နိုင်ပွဲဆက်ဦးမှာလား

မိုးမြင့်လင်းလက်

**ပရီမီယာလိဂ်ပွဲစဉ်(၅)ကို စက်တင်ဘာ ၂၀ နဲ့ ၂၁ ရက်မှာ ကစားတဲ့အခါ တန်းစီဇယားရပ်တည်မှု အပြောင်းအလဲတွေရှိလာမယ့်ပွဲစဉ်တွေ ပါဝင်နေတာမို့ ပရိသတ်တွေ ရင်ခုန်ရဦးမှာပါ။ အသင်းကြီးတွေဖြစ်တဲ့ ချယ်လ်ဆီးနဲ့ မန်စီးတီး၊ လက်စတာနဲ့ မန်ယူတို့တွေ့ဆုံမှုတွေဟာ ပရိသတ်တွေအတွက် ပွဲကောင်းတွေအဖြစ် ရင်တမမနဲ့ အားပေးကြရဦးမှာ ဖြစ်ပါတယ်။**

**လက်စတာနှင့် မန်ယူ**

ကျူပီအာနဲ့ နိုင်ပွဲစတင်ခဲ့လို့ နည်းပြ ဗန်ဟားလ်စိတ်သက်သာရာ ရခဲ့ပြီး ပရီမီယာလိဂ်ဖလားကို မျှော်မှန်းနေပါတယ်ဆိုတဲ့ စကားသံရဲ့ နောက်ပိုင်းမှာ မန်ယူရဲ့လှုပ်ရှားမှုတွေဟာ တန်းဝင်နိုင်မလား ကြည့်ရမှာပါ။ အာဆင်နယ်လိုအသင်းကို သရေပွဲရအောင်ကစားထားတဲ့ လက်စတာရဲ့ အိမ်ကွင်းခြေစွမ်းကို လျှော့တွက်ရင် မန်ယူတို့ရလဒ် ကမောက်ကမ ဖြစ်သွားနိုင်ပါတယ်။ ဒီမာရီယာ၊ ရွန်နီ၊ ဟာရီရာ၊ မာတာတို့ လူစုံထွက်ရင်တော့ မန်ယူတို့ နိုင်ပွဲဆက်နိုင်ပါလိမ့်မယ်။

**မန်စီးတီးနှင့် ချယ်လ်ဆီး**

မန်စီးတီးရဲ့ ဒီနှစ်ဘောလုံးရာသီ အိမ်ကွင်းမှာ နောက်ဆုံးလေးပွဲ ကစားခဲ့ရာ ရှုံးပွဲတစ်ပွဲ၊ သရေပွဲ တစ်ပွဲနဲ့ နိုင်ပွဲနှစ်ပွဲ ရရှိထားပါတယ်။ မန်စီးတီးဟာ ချယ်လ်ဆီးနဲ့ဆုံတိုင်း အကြိတ်အနယ် နွှဲခဲ့ရတာချည်းဖြစ်ပြီး ရလဒ်တွေကလည်း တစ်လှည့်စီအနိုင် ရထားတာမို့ ချယ်လ်ဆီးဟာ ဒီပွဲမှာ အမာခံကစားသမားတွေ အကုန်ထုတ်ပြီး မန်စီးတီးကွင်းကို ချီတက်လာမှာ ဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ နိုင်ပွဲလိုအပ်မှုဖြင့် ပြင်းထန်နေတဲ့ ချယ်လ်ဆီးရဲ့ အားထုတ်မှုအပေါ် ယုံကြည်မှုပေးရမှာ ဖြစ်ပါတယ်။

**အက်စ်တွန်ဗီလာနှင့် အာဆင်နယ်**

ဗီလာကွင်းမှာ အာဆင်နယ်တို့ ရှုံးပွဲကြုံဖူးတာမို့ အလေးအနက်ထား ကစားမှရပါလိမ့်မယ်။ အာဆင်နယ်မှာ ဒီဘူချီ၊ ဂီရှော့ဒ်၊ ဝဲလ်ကော့နဲ့ ဂျီနာဘရီတို့ ဒဏ်ရာရရှိနေလို့ ဗီလာတို့ အကြိုက်ဖြစ်နေပါတယ်။ ဗီလာတို့ အိမ်ကွင်းမှာ အမှတ်ရအောင် ယူဖို့ ရှိနေပေမယ့် အာဆင်နယ်တို့က ကပ်ပြီးနိုင်သွားနိုင်တဲ့ အနေအထားရှိပါတယ်။

**ဝက်စ်ဟမ်းနှင့် လီဗာပူး**

ချန်ပီယံလိဂ်ပွဲစဉ်ကြောင့် လီဗာပူးတို့ ပွဲပန်းနေပြီး တိုက်စစ်မှူး စတာရစ်ချ်လည်း ဒဏ်ရာရရှိနေပါတယ်။ ဝက်စ်ဟမ်းမှာလည်း နိုလန်နဲ့ကာရိုးလ်ပါ ဒဏ်ရာကြောင့် မပါဝင်နိုင်တာမို့ အားနည်းချက်ရှိနေပါတယ်။ လီဗာပူးရဲ့ လက်ရှိစွမ်းဆောင်မှုနှုန်းအရ ဝက်စ်ဟမ်းကို ကျော်ဖြတ်နိုင်ပါလိမ့်မယ်။

**ကျူပီအာနှင့်စတုတ်**

မန်စီးတီးကို အနိုင်ကစားထားတဲ့ စတုတ်နဲ့ မန်ယူကို ရှုံးထားတဲ့ ကျူပီအာတို့ရဲ့ပွဲက အကြိတ်အနယ် ရှိပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးပွဲမှာ တစ်လှည့်စီ အနိုင်ယူနေကြတာမို့ အပြန် အလှန် ဖိအားပေးကြမှာပါ။ ဒီပွဲက ရှန်းအားညီလို့ သရေကိုဦးတည်နေပါလိမ့်မယ်။

**ဘန်လေနှင့် ဆန်းဒါးလန်း**

ဘန်လေကွင်းမှာဆိုရင် ဆန်းဒါးလန်းတို့ မှတ်တမ်းမကောင်းတတ်ပါဘူး။ ပရီမီယာလိဂ် နောက်ဆုံးသုံးပွဲမှာ နိုင်ပွဲတစ်ပွဲမှ မရခဲ့တာမို့ ဒီပွဲမှာ အနိုင်စတင်ဖို့ ကြိုးစားမယ့် ဘန်လေရဲ့ကြိုးစားမှုကို ဆန်းဒါးလန်းတို့ ကြာရှည်တောင့်ခံနိုင်ဖို့ မလွယ်ပါဘူး။ ဘန်လေပရိသတ်တွေအတွက် အနိုင်ကို ထွေးပိုက်နိုင်ဖို့ အခွင့်အရေးတွေ ရှိနေပါတယ်။

## ယူရိုပါလိဂ် အုပ်စုပွဲစဉ်များ


သီဟ

| | | | |
|---|---|---|---|
| ကာရာဘက် | - | စိန့်အက်တီယန် | ည ၁၀း၃၀ |
| မိုချန်ဂလက်ဘတ် | - | ဗီလာရီးရဲလ် | ည ၁၁း၃၀ |
| အပိုလွန်လီမောဆိုး | - | ဇူးရစ် | ည ၁၁း၃၀ |
| ကလပ်ဘရု | - | တိုရီနို | ည ၁၁း၃၀ |
| ကိုပင်ဟေဂင် | - | ဟယ်လ်ဆင်ကီ | ည ၁၁း၃၀ |
| ပါတီဇန် | - | စပါး | ည ၁၁း၃၀ |
| ဘက်ဆစ်တပ်စ် | - | ထရီပိုလစ် | ည ၁၁း၃၀ |
| ဆာ့ဘတ်ချ် | - | ဆဲလ်တစ် | ည ၁၁း၃၀ |
| ဒိုင်နမိုဇာဂရက် | - | အက်စ်ထရာ | ည ၁၁း၃၀ |
| PSV | - | အက်စ်တိုရယ် | ည ၁၁း၃၀ |
| ပါနာသီနာကို့စ် | - | ဒိုင်နမိုမော်စကို | ည ၁၁း၃၀ |
| ဒီနီပရို | - | အင်တာမီလန် | ည ၁၁း၃၀ |
| စတန်းဒက်လိဂ် | - | ရီဂျက်ကာ | နံနက် ၁း၃၅ |
| ဆီဗီလာ | - | ဖီယင်န | နံနက် ၁း၃၅ |
| လိုင်လီ | - | ခရက်စ်နိုဒါ | နံနက် ၁း၃၅ |
| အဲဗာတန် | - | ဝုဖ်ဘတ် | နံနက် ၁း၃၅ |
| ယန်းဘွိုင်းစ် | - | ဆလိုဗန် | နံနက် ၁း၃၅ |
| နာပိုလီ | - | စပါတာပရပ်ဂ် | နံနက် ၁း၃၅ |
| PAOK | - | ဒိုင်နမိုမီနက်စ် | နံနက် ၁း၃၅ |
| ဖီအိုရင်တီးနား | - | ဂူအင်ဂမ့် | နံနက် ၁း၃၅ |
| မတ်တဲလ်လစ်ခါခီ | - | ထရက်ဇွန်စပေါ် | နံနက် ၁း၃၅ |
| လီဂီယာဝါဆော | - | လိုကီရန် | နံနက် ၁း၃၅ |

## ချန်ပီယံလိဂ် လီဗာပူးစတင်နိုင်

ချန်ပီယံလိဂ်အုပ်စုပွဲများအဖြစ် လီဗာပူးနှင့် လူဒိုဂိုရက်ဇ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျရတ်၏ လေလွင့်ချိန် ပယ်နယ်တီဂိုးဖြင့် လီဗာပူးတို့ နှစ်ဂိုး-တစ်ဂိုးသွင်းယူကာ အနိုင်ယူခဲ့သည်။ ပွဲချိန် ၈၂ မိနစ်တွင် အိမ်ရှင်လီဗာပူးအတွက် မကြာမီက ခေါ်ယူခဲ့သည့် တိုက်စစ်မှူး ဘာလော့တယ်လီက သွင်းယူပေးသည်။ ယင်းဂိုးသည် ၎င်း၏ ပထမဆုံးသော လီဗာပူးအတွက် သွင်းယူပေးခဲ့သည့် ဂိုးဖြစ်သည်။ လူစားဝင်လာသူ ဒန်နီအဘာလိုက မိနစ် ၉၀တွင် လူဒိုဂိုရက်ဇ်အတွက် ချေပဂိုးသွင်းယူခဲ့သည်။

သို့သော်လည်း ဂျရတ်က ပယ်နယ်တီမှတစ်ဆင့် အနိုင်ဂိုးသွင်းယူခဲ့သည်။ လီဗာပူးတို့ ချန်ပီယံလိဂ်နှင့် ဝေးကွာခဲ့သည်မှာ ငါးနှစ်ရှိပြီဖြစ်ရာ ပထမဆုံးသော အနိုင်ရမှုပင်ဖြစ်သည်။



## ရီးရဲမက်ဒရစ်ဂိုးပြတ်နှင့် ချန်ပီယံလိဂ်ဖွင့်

ချန်ပီယံလိဂ်အုပ်စုပွဲအဖြစ် ရီးရဲမက်ဒရစ်နှင့် ဘေဆယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်က ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ လက်ရှိချန်ပီယံ ရီးရဲမက်ဒရစ်အတွက် အဖွင့်ဂိုးကို ဂါရက်ဘေးလ်က ပွဲချိန် မိနစ် ၃၀ တွင် သွင်းယူခဲ့သည်။ ယင်းဂိုးမတိုင်မီ ဆူချီက ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိ၍ ဦးဆောင်ဂိုးရခဲ့သည်။ စီရိုနယ်ဒိုက ဂါရက်ဘေးလ်၏ ဖြတ်တင်ဘောမှ တတိယဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၈ မိနစ်တွင် ဂွန်ဇာလက်က ဘေဆယ် အတွက် ချေပသည်။ ရီးရဲမက်ဒရစ်အတွက် စတုတ္ထဂိုးကို ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ပဉ္စမဂိုးကို ဘင်ဇီမာတို့က အသီးသီး သွင်းယူခဲ့ကြသည်။ ပြီးခဲ့သော ရာသီက ဗိုလ်လုပွဲရောက် အက်သလက်တီကိုက အိုလံပီယာကို့စ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အာဆင်နယ်ကလည်း ဒေါ့မွန်ကိုနှစ်ဂိုးပြတ်ဖြင့် ရှုံးထားသည်။

■ ကောင်းမြတ်သူ-စုစည်းသည်

# ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ (က+ဂ) ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် (၇၅)၊ ၇/စီတွင်နေထိုင်သူ ဦးသန့်ဇင်ဦး၊ နိုင်ငံသားအမှတ် ၁၂/မဂတ(နိုင်)၀၉၀၇၉၁ ကိုင်ဆောင်သူသည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်များကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။




အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်းအမျိုးမျိုးဖြင့် ချုပ်လုပ်ထားသော အမျိုးသမီးဝတ်အမျိုးမျိုး၊ အမျိုးသားဝတ်၊ ကလေးဝတ်အမျိုးမျိုး၊ ရှပ်အင်္ကျီအမျိုးမျိုး၊ ကျောင်းဝတ်စုံ၊ အားကစားဝတ်စုံအမျိုးမျိုး၊ စပို့ရှပ်၊ တီရှပ်၊ ဆွယ်တာ၊ ကုတ်အင်္ကျီအမျိုးမျိုး၊ ဦးထုပ်၊ ထီး၊ ဂျာကင်၊ မိုးကာ၊ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်၊ မဝတ်ဂျင်းဘောင်းဘီ၊ စတိုင်လ်ဘောင်းဘီ၊ ဘောင်းဘီအတို/အရှည်၊ အမျိုးသမီးဝတ်စကတ်အမျိုးမျိုး၊ ဝစ္စကုတ်အမျိုးမျိုး၊ အိတ်အမျိုးမျိုး၊ ဖိနပ်၊ အဝတ်အထည်နှင့် ပတ်သက်သောကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပြီး အဆိုပါပစ္စည်းများ ထည့်သွင်းအသုံးပြုသော လက်ဆွဲအိတ်အမျိုးမျိုး၊ ပလပ်စတစ်အိတ်အမျိုးမျိုး၊ စက္ကူဘူးအမျိုးမျိုး၊ စက္ကူကဒ်အမျိုးမျိုး၊ စက္ကူအိတ်အမျိုးမျိုး၊ စက္ကူပါတ်အမျိုးမျိုး၊ အသားတံဆိပ်အမျိုးမျိုးတို့အပေါ်တွင် ဖိနှိပ်၍ ကပ်နှိပ်၍ ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနှံ့အပြားတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

ယခုအချိန်တွင် မသမာသူစီးပွားရေးသမားအချို့တို့သည် ညံ့ဖျင်း၍အရည်အသွေးပြည့်မီခြင်းမရှိသည့် ပုံစံတူ၊ ဒီဇိုင်းတူပစ္စည်းများဖြင့် ဈေးနှုန်းလျှော့ချပြီး ကျွန်ုပ်မိတ်ဆွေ၏ ကုန်ပစ္စည်းများကို လိုက်လံတုပရောင်းချနေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးသန့်ဇင်ဦး၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါ *L.A* ® **LADY ATTRACTION** ကုန်အမှတ်တံဆိပ်များကို ဦးသန့်ဇင်ဦးမှတစ်ပါးအခြားမည်သူ တစ်ဦးတစ်ယောက်မှ **ကုန်အမှတ်တံဆိပ်နှင့် ၎င်းတံဆိပ်ပေါ်တွင်ရှိသော ဒီဇိုင်းများအား ပုံတူကူးယူ၍ အရည်အသွေးမမီသော၊ ညံ့ဖျင်းသောပစ္စည်းများအား လက်ဝယ်ထားရှိခြင်း၊ တံဆိပ်တစ်ခုလုံးကို ဖြစ်စေ၊ ဒီဇိုင်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ကြပါရန်အထူးသတိပေးတားမြစ်အပ်ပါသည်။** အကယ်၍ ပြုလုပ်ပါက ဦးသန့်ဇင်ဦး၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တည်ဆဲဥပဒေများနှင့် အညီတရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူတရားစွဲဆိုပြီး နစ်နာမှု အတွက် လျော်ကြေးများလည်းတောင်းဆို၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အထူးသတိပေး ကြေညာအပ်ပါသည်။

**ရုံးခန်း** **အမှတ် (၆၂)၊ အခန်း (၁၇)၊ Winner Firm**
**ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**
**နေအိမ်** **အမှတ် ၄၀၊ ပိတောက်ပင်လမ်း**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်သန်း LL.B, D.M.A, D.B.L., D.M.L, D.A (Psy)**
**WIPO, D.L.P (Switzerland)Diploma in International Law**
**High Court Advocate & Legal Advisor**




# အစည်းအဝေးဖိတ်ကြားခြင်း

သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း(FREDA)၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၁၄ခုနှစ် အောက်တိုဘာ ၃ ရက်(သောကြာနေ့) ၁၃း၀၀နာရီတွင် ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားများအား မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်ကော်မတီ**

**FREDA**

# ရန်ကုန်စက်မှုဇုန်မှ ထပ်မံသတိပေးနှိုးဆော်ခြင်း

ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်စက်မှုဇုန်အပိုင်း(၁၊ ၂၊ ၃) တို့မှာ ၁၀၀ ရာခိုင်နှုန်း Infrastructure ပြီးစီးပြီး စက်မှုဇုန်အကောင်အထည်ဖော်ရန် တိုက်တွန်းထားပြီးဖြစ်၍ ဝယ်ယူထားသည့် မြေကွက်ပိုင်ရှင်များမှလည်း ဝယ်ယူစဉ် ဧကမ္ဘာကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သည့်စာချုပ်ပါအတိုင်း စက်ရုံအဆောက်အအုံဆောက်လုပ်ရန် စည်းကမ်းချက်တွင်ပါရှိပြီးဖြစ်၍ အဆောက်အအုံ မဆောက်လုပ်ရသေးသောပိုင်ရှင်များမှ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြပါရန်နှင့် ဆောင်ရွက်ခြင်းမရှိပါက မိမိ၏တာဝန်သာဖြစ်ကြောင်း ထပ်မံသတိပေးအပ်ပါသည်။

**ရန်ကုန်စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ**

**ဆက်သွယ်ရန်**

**ဖုန်း-၆၃၉၉၃၀၃၊ ၆၃၉၉၃၀၄၊ ၆၃၉၉၃၀၅၊ ၆၃၉၉၃၀၆**

ကြော်ငြာ


MPT ဟာ ပြည်သူလူထုတစ်ရပ်လုံးအတွက် အကောင်းဆုံးဝန်ဆောင်မှုများကို
တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်ဖြည့်ဆည်းပေးနိုင်ပါတယ်။
www.mpt.com.mm | https://www.facebook.com/mptofficialpage
MPT
ရွှေသို့လုပ်ငန်းချုပ်မြန်မာပြည်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# လှမ်းလာခဲ့ပါ မိတ်ဆွေ မောတို့ဌာနေ မိုင်းကိုင်မြေ



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်သည် လွိုင်လင်မြို့နှင့် အနောက်မြောက်ဘက် ၆၄ မိုင်အကွာတွင်တည်ရှိပြီး အိမ်ခြေပေါင်း ၁၁၄၁၆ အိမ်၊ လူဦးရေ ၅၇၁၃၁ဦး၊ ကျေးရွာပေါင်း ၁၈၅ ရွာရှိသည်။ များသောအားဖြင့် ရှမ်း၊ ပလောင်တိုင်းရင်းသားများ နေထိုင်ကြသည်။

မိုင်းကိုင်မြို့တွင် ထင်ရှားသော သာသနိကအဆောက်အအုံများ၊ စေတီပုထိုးများနှင့် ဒဏ္ဍာရီလာဇာတ်လမ်းများလည်းရှိသည်။ သဘာဝအလှဆင်တောင်တန်းကြီးနှင့် ပနံသင့်လှသော လယ်ကွင်းပြင်များ၊ ပန်းချီကားတစ်ချပ်အလား စိမ်းစိုသောလယ်ကွင်း၊ မြင့်မားလှသည့်အပြာရောင်တောင်တန်းနှင့် တိမ်ဆိုင်တိမ်ခဲများ၊ ရွှေရောင်တဝင်းဝင်းနှင့် ရှေးဟောင်းစေတီကြီးများဖြင့် ရေးဖွဲ့မမီနိုင်အောင် သူ့ထက် အပြိုင်လှပနေသည်။

စာရေးသူသည် ယခင်က မိုင်းကိုင်မြို့သို့ တာဝန်ဖြင့် အကြိမ်ကြိမ်ရောက်ရှိခဲ့သော်လည်း အချိန်မရ၍လေ့လာချင်သည်များကို မလေ့လာနိုင်ခဲ့ဘဲ ယခုတစ်ကြိမ်မှသာလျှင် သိချင်သည်များကို လေ့လာခဲ့ပြီး ဗဟုသုတအဖြစ်ပြန်လည်မျှဝေလိုက်ရပါသည်။

မိုင်းကိုင်မြို့သည် ရှေးခေတ်အဆက်ဆက်မှ ယနေ့တိုင် ဘာသာသာသနာရောင်ဝါထွန်းလင်းထင်ရှားကျော်ကြားသည်။ အကြောင်းရင်းမှာ ရွှေမြင်ထင်ရှေးဟောင်းမွေတော်ဘုရားကြီးပင်ဖြစ်သည်။ ဗုဒ္ဓသာသနာတော် သက္ကရာဇ် ၂၃၅ ခုနှစ်တွင် မဇ္ဈိမဒေသမှ သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓ၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ရည်စူး၍ စေတီပေါင်း ၈၄၀၀၀၊ ရေတွင်းရေကန်ပေါင်း ၈၄၀၀၀ လှူဒါန်းရာတွင် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များပင့်ဆောင်လျက် မျှုးမတ်တို့အား စေလွှတ်တည်ထားမှုပြုစေရာ၌ မိုင်းကိုင်မြို့ရှိ ရွှေမြင်ထင်စေတီတော်လည်းတစ်ဆူအပါအဝင်ဖြစ်သည်။

ကောဇာသက္ကရာဇ် ၄၆၆ ခုနှစ်တွင် ပုဂံအလောင်းစည်သူမင်းတိုင်းခန်းလှည့်လည်လာစဉ် မိုင်းကိုင် အရပ်ဒေသသို့ရောက်ရှိ၍ ဖူးတွေ့ကြည်ညိုရပြီး စေတီတော်သမိုင်းကို မျှုးမတ်များထံ မေးမြန်းစုံစမ်းရာ ထိုစေတီတော်သည် ရှေးလွန်လေပြီးသောကာလ၌ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များကို အဇာတသတ်မင်းက ရာဇဂြိုဟ်မြို့ အရှေ့တောင်ထောင့်၌ ရွှေမြင်းရုပ်ဝမ်းခေါင်းအတွင်း ထည့်သွင်းဌာပနာထားခဲ့ရာမှ ပါဋလိပုတ်ပြည့်ရှင်မင်းကြီး သီရိဓမ္မာသောကမင်းက ပြန်လည်တူးဖော်ကာ ရွှေကြုတ်ဖြင့်ထည့်သွင်းပြီး ရွှေမြင်းရုပ်ပေါ်တင်၍ ဤအရပ်၌ လာရောက်ဌာပနာတည်ထားလှူဒါန်းခဲ့သည့် စေတီတော်တစ်ဆူဖြစ်ကြောင်း မိုင်းကိုင်မြို့ ရွှေမြင်ထင်မွေတော်ဘုရားကြီးသမိုင်းစာအုပ်မှ လေ့လာသိရှိရသည်။ အဆိုပါဘုရား၌ နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့တွင် အစဉ်အလာမပျက် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ ထိုပွဲတော်တွင် တောင်ပေါ်၌ နေထိုင်ကြသည့် ပလောင်တိုင်းရင်းသားများသည် ထော်လာဂျီ၊ နွားလှည်း၊ ခြေကျင်ခရီးဖြင့် ရိုးရာဝတ်စုံများဖြင့် လာရောက်ကြရာ ရှုမငြီးနိုင်အောင်ပင်ဖြစ်ရသည်။ ထို့အပြင် စော်ဘွားများအဆက်ဆက်လက်ထက်မှ ယနေ့နိုင်ငံတော်အစိုးရ၊ ဂေါပကနှင့်ဒေသခံပြည်သူများက ရှေးဟောင်းအမွေအနှစ်ဖြစ်သည့် ထိုစေတီတော်ကြီးကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ ယနေ့အထိ မယိုင်မလဲခိုင်မြဲစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသည်။

မိုင်းကိုင်မြို့သည် ရေမြေတောတောင်သဘာဝအလှများဖြင့် ရေခံမြေခံကောင်းမွန်သောမြို့ဖြစ်ရာ စပါးအပါအဝင် စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ စပါးစိုက်လယ်ဧကပေါင်း ၁၂၄၀၀ ကျော်ရှိ၍ ဒေသဝမ်းစာဖူလုံသည့်အပြင် လွိုင်လင်ခရိုင်၏ စပါးကျီဟုတင်စားခေါ်ရပေသည်။ နှစ်ရှည်သီးနှံအဖြစ် နာနတ်၊ လိမ္မော်အများအပြားထွက်ရှိရာဒေသဖြစ်သည်။ မိုင်းကိုင်ဒေသထွက် လိမ္မော်သီးသည် မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ရောင်းရအောင်ပင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ ထို့အပြင် မိုင်းကိုင်စက္ကူ(မိုင်းခံစက္ကူ)၊ မိုင်းကိုင်စဉ့်အိုးများလည်းထွက်ရှိသည်။

ဒဏ္ဍာရီလာဇာတ်လမ်းကို လူတိုင်းကြားဖူးနားဝရှိကြပေလိမ့်မည်။ ခွန်ဆန်လောနှင့် နန်းဦးပြင်ဒဏ္ဍာရီလာဇာတ်လမ်းလေးသည်လည်း မိုင်းကိုင်နယ်မှ အစပြု၍ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ နန်းဦးပြင်မှာ မိုင်းကိုင်သူတစ်ဦးဖြစ်ကြောင်း၊ ခွန်ဆန်လောမှာ ကျိုင်းတောင်းနယ်သားဖြစ်ကြောင်း သိရသည်။ ခွန်ဆန်လောနှင့်နန်းဦးပြင်တို့၏ သင်္ချိုင်းသည် မိုင်းကိုင်မြို့၏အရှေ့ဘက်လေးမိုင်ခန့်အကွာတွင်ရှိရာ စာရေးသူသွားရောက်လေ့လာခဲ့ပြီး နန်းဦးပြင်စေတီတစ်ဆူ၊ ၎င်းတို့နှစ်ဦးမြှုပ်နှံထားရာ ချိုင့်ဝှမ်းကြီးနှစ်ခုကြားတွင် ဝါးလုံးသုံးဆစ်ပုံစံ အုတ်ခုံအသေးတစ်ခုကို မြင်တွေ့ခဲ့ရသည်။ မည်သို့ပင်ဆိုစေကာမူ ရှေးဟောင်းရွှေမြင်ထင်စေတီကြီးတည်ရှိရာ၊ သဘာဝအလှအပများ စုစည်းထားရာ၊ ဒဏ္ဍာရီလာဇာတ်လမ်းများတည်ရှိပြီး လေ့လာစရာအဖုံဖုံရှိသည့် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့လေးသို့ ဗဟုသုတများရရှိစေရန် မောတို့ဌာနေ မိုင်းကိုင်မြေသို့ အလည်တစ်ခေါက်လာရောက်ကြပါရန် ဤဆောင်းပါးဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# လင်းခေး(ဒါးဆိပ်) လျှပ်စစ်ရေတင်စီမံကိန်းလုပ်ငန်းများ စတင်ဖော်ဆောင်

**လင်းခေး စက်တင်ဘာ ၁၇**



၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၀ ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေး(ဒါးဆိပ်) လျှပ်စစ်ရေတင် စီမံကိန်းကို ဩဂုတ်လနောက်ဆုံးပတ်မှစတင်ကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါမြစ်ရေတင် (ရိုးရိုးစီမံကိန်း) လုပ်ငန်းကို လွန်ခဲ့သော ၂၀၀၃ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၅ ခုနှစ် မတ် ၃၀ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ထိုမှ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းကို ၂၀၀၃ ခုနှစ်မှ ၂၀၀၅ခုနှစ် အထိ တစ်ကြိမ်၊ ၂၀၀၈-၂၀၀၉ ခုနှစ်၌ တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်သာ ရေဖြန့်ဝေပေးနိုင်ခဲ့ပြီးနောက် ယနေ့ထိတိုင် လုပ်ငန်းများအား ရပ်တန့်ခဲ့သည်မှာ သုံးနှစ်ခွဲကျော်ကြာမြင့်ခဲ့ရာမှ ယခုအခါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၀ ရရှိသဖြင့် လျှပ်စစ်ရေတင်စနစ်သို့ ပြန်လည်ပြောင်းလဲပြုပြင်မွမ်းမံခြင်း လုပ်ငန်းများအား စတင်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

၎င်းစီမံကိန်း စတင်ခဲ့စဉ်က မြို့ပြလုပ်ငန်းအတွက် ကုန်ကျငွေကျပ်သန်း ၃၂၇ ဒသမ ၅၁၆ သန်း၊ ရေစုပ်စက်ငါးလုံး ကုန်ကျငွေကျပ် ၈၂၆ ဒသမ ၄၂၁ သန်း ၊ အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၀၈၅၃ သန်း အကုန်အကျခံတည်ဆောက်ခဲ့သည်။ ဒီဇယ်စက်များဖြင့် လည်ပတ်ရပြီး ကုန်ကျစရိတ် များပြားသောကြောင့် ရေကိုအလုံအလောက် ဖြန့်ဝေပေးနိုင်ခြင်းမရှိ၍ လုပ်ငန်းများရပ်တန့်ခဲ့ရခြင်းဖြစ်ကြောင်း ရေအရင်းမြစ်ဌာနမှ တာဝန်ခံအင်ဂျင်နီယာတစ်ဦးက ပြောကြားခဲ့သည်။

“ဒီလျှပ်စစ်ရေတင်လုပ်ငန်းကို ဩဂုတ်လ ၂၃ ရက်က ကျွန်တော်တို့ စတင်လုပ်ဆောင်ခဲ့ပါတယ်။ ရေသွယ်မြောင်းများပြုပြင်ခြင်း၊ ရေလှောင်ကန်မွမ်းမံခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ ပြောင်းလဲပေးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး မြေတူးမြေညှိလုပ်ငန်းများကို စတင်လုပ်ဆောင်နေပါတယ်။ ဒီလုပ်ငန်းပြီးစီးသွားတဲ့အခါ ရေတင်အဆင့် (PS-1) ရေတင်အမြင့် ၅၉ ပေကနေ အကျိုးပြုဧက ၃၄၀၊ (PS-2) ရေတင်အမြင့် ၅၃ ပေမှ အကျိုးပြုဧက ၁၆၆၀ စုစုပေါင်း စိုက်ပျိုးမြေဧက ၂၀၀၀ ကျော်ကို ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မှာဖြစ်ပါတယ်”ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

“ဒီလျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်တဲ့အခါမှာ ဒေသမှာရှိတဲ့ စိုက်ပျိုးတောင်သူအများစုက နွေစပါး၊ နွေနှမ်းနဲ့ အခြားသီးနှံတွေကို ရာသီချိန်အလိုက် နှစ်စဉ်တိုးချဲ့စိုက်ပျိုးသွားနိုင်မှာဖြစ်ပြီး လင်းခေးမြို့နေပြည်သူတွေက လိုလားတောင့်တနေတဲ့ (မြို့သောက်သုံးရေရရှိရေး) အတွက်ပါ ဆက်လက်အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်”ဟု လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က အဆိုပါလုပ်ငန်းခွင်သို့ သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့စဉ်က တာဝန်ရှိသူများအား ပြောကြားခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းလတ်**


**အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(ခွဲ)၊အလက(၂)၊ အဌမတန်း(A)မှ မဖြိုးနန္ဒာလွင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဌေး ၅/ကလထ(နိုင်) ၀၄၆၇၀၈ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၅-၈-၂၀၀၁ ဖြစ်ပါကြောင်း။

**အမည်မှန်**

ဦးဇမ်းလျန်းခုပ်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့၊အထက(၃)၊တက္ကသိုလ်ဝင်တန်းမှ မသောင်တောအီးလျန်း၏ အမည်မှန်မှာ မသောင်သွဲ့လျန်းဖြစ်ပြီး အမှတ်(၁)၊ အလက(ခွဲ)၊ ဆဋ္ဌမတန်းမှ မကျိန်ရှင်းထန်၏ အမည်မှန်မှာ မကျိန်ရှင်းတန် ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်နှင့်အမည်မှန်**

နေပြည်တော်တပ်ကုန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း SE(3)မှ မဖြိုးဖြိုး၏ အမည်မှန်မှာ မပြည့်ဖြိုးခိုင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်စိုး(ခ)ဦးစိုးဝင်း ၉/တကန(နိုင်)၀၉၁၃၅၁ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

တပ်ကုန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း A-5 မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နီ ဖြစ်ပါကြောင်း။

**ဦးမောင်နီ**




**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၄၁၉၂၄ Kenbo M/C(110) ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ အရှင်ကုဝေရ ၉/ခအဇ(သ) ၀၀၂၀၉၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်ကျောင်းမှ မခင်ခင်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးရန်ကျော်ယွင်(ခ)ဦးရန်ကြာယွင် ၁၃/လရန(နိုင်) ၀၇၃၄၈၂ ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိတ္ထီလာမြို့နယ်၊ကန်သာအုပ်စု စက်မှုဇုန် ၄×၅လမ်းကြား၊ C-၅/၂ နေဦးတင်၏သား ဦးမျိုးမင်းသန့် ၉/ပဘန(နိုင်)၁၁၃၇၃၄ (ခ)ဦးမျိုးမင်းသန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၀ယ/၁၃၂၆၆ Jianling 150 M/C ယာဉ်လက်ဝယ်ရှိ ဒေါ်ဇင်မာဝင်း ၉/ခမစ(နိုင်)၀၃၂၅၄၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**မွေးသက္ကရာဇ်အမှန်**

လားရှိုးမြို့၊ အထက(၆)၊ အဌမတန်း(ဂ)မှ နန်းအိသီတာမိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၄-၂၀၀၁ ဖြစ်ပါသည်။

**အမည်မှန်**

ဦးအောင်ဘ၏သမီး ကျောက်မဲမြို့၊ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ နမ့်ခမ်းထွန်း၏ အမည်မှန်မှာ နန်းခမ်းထွန်းဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၇ယ/၃၅၇၁၂ Kenbo (110) M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးဆက် ၉/မခန(နိုင်)၁၆၈၄၆၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ခ/၅၂၂၃ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ယ/၄၉၃၀၉ SUBO-125 ယာဉ်လက်ဝယ်ရှိသူ ဦးစောစန္ဒီဦး ၁၂/ဥကမ(နိုင်)၀၈၅၆၀၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

**ဖခင်အမည်မှန်**

တပ်ကုန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း A-4 မှ မအေးနန္ဒာမြင့်၏ ဖခင်အမည်မှန်မှာ ဦးမောင်အေး ဖြစ်ပါကြောင်း။

**ဦးမောင်အေး**

**မိဘအမည်မှန်**

တောင်ကြီးမြို့၊ အထက(၂)၊ မူလွန်ကျောင်း၊ ပဉ္စမတန်း(က)မှ မောင်ဘုန်းမြင့်ကျော်သွေး၏ မိဘအမည်မှန်မှာ ဦးကြည်စိန် ၁၃/လလန(နိုင်)၁၁၅၅၇၂ နှင့် ဒေါ်နန်းစံနု ၁၃/လလန(နိုင်) ၀၅၀၇၇၃ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မအိစန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းဦး**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4E/6650 မစ်ဆူဘီရှီကန်တာ FE 83DEY, TRUCK ယာဉ်လက်ဝယ်ရှိသူ ဦးစောအောင်ကျော်ဦး ၇/ညလပ(နိုင်)၀၈၉၇၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၃၈၄၃၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွန်ဝဲလ် ၅/ကလထ(နိုင်)၁၄၆၄၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

**ပြည်တွင်းသတင်းနှင့် ဆောင်းပါး**

## ဖျာပုံမြို့၌ လပြည့်ကျေးရွာစာကြည့်တိုက်ဖွင့်

**ဖျာပုံ စက်တင်ဘာ ၁၇**

ဖျာပုံခရိုင် ဖျာပုံမြို့နယ် လက်ပန်ကျေးရွာအုပ်စု ထိတန်ရင်းကျေးရွာ လပြည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်၊ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်း၊ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းနှင့် လက်ပန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသက်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သည့် စာကြည့်တိုက်အဆောက်အအုံအတွက် Action Aid နှင့် Action For Social Aid အဖွဲ့တို့က ငွေကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီး ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ငွေကျပ်သိန်း၂၀၊ ပြည်သူများထည့်ဝင်ငွေကျပ်သုံးသောင်းကျော် စုစုပေါင်း ငွေကျပ်သိန်း၃၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## လက်ပံတန်း၌ ဓမ္မစကူးလ်ကျောင်းဖွင့်

**လက်ပံတန်း စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ကိုင်းတောစုကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက ဓမ္မစကူးလ်ကျောင်းဖွင့်ပွဲကျင်းပရာ ဆရာတော် ဦးကောဝိတက ငါးပါးသီလ ချီးမြှင့်ပြီး မြို့နယ်အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးဂုဏသာမိက ဓမ္မစကူးလ်ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းကာ အဖွဲ့ဝင်ဆရာကြီးများဖြစ်ကြသည့် ဦးစိုးဝင်း၊ ဦးမြစိုးတို့က ဓမ္မစကူးလ်နှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၀၉၈)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

**ဖားကန့် စက်တင်ဘာ ၁၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင်ဖားကန့်မြို့နယ် မြို့မရပ်ကွက်အတွင်းရှိ အသက် ၁၀ နှစ်နှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ (One Stop Services) စနစ်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးအပ်ပွဲကို စက်တင်ဘာ ၁၂ ရက်က မြို့မရပ်ကွက်ရုံး၌ ကျင်းပသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့မိမြို့ဖ ဦးနော်ဆန်း၊ ဦးကျော်ဝင်းဆွေ၊ လဝက မြို့နယ်ဦးစီးဌာနမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၄ ကတ်နှင့် အိမ်ထောင်စု စာရင်းမိတ္တူ ၂၁ စောင်ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **စိုးနိုင်ဦး(ဖားကန့်)**



## နမ့်ခမ်းမြို့ မဟာစည်ရိပ်သာ အမျိုးသမီးတရားထိုင်ဆောင်သစ်ဖွင့်

**နမ့်ခမ်း စက်တင်ဘာ ၁၇**



ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ မဟာစည်သာသနာ့ရိပ်သာကမ္မဋ္ဌာန်းကျောင်းတွင် နှစ်စဉ်ယောဂီများ များပြားစွာ လာရောက်တရားအားထုတ်လျက်ရှိရာ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးယောဂီများ တရားထိုင်ရာတွင် အဆင်ပြေမှုရှိစေရန် နမ့်ခမ်းမြို့နယ် ဟတ်ဟင်ကျေးရွာနေ အလှူရှင် ဦးစိုင်းအုန်းခင် ဇနီး ဒေါ်နန်းခွေရင် မိသားစုက ငွေကျပ်သိန်း ၁၄၀၀ မတည်လှူဒါန်းပြီး အနယ်နယ်အရပ်ရပ်မှ အလှူရှင်များနှင့် ဒေသခံပြည်သူများက ငွေကျပ်သိန်း ၂၀၀၀ ကျော် စုပေါင်းလှူဒါန်းသဖြင့် ဆောက်လုပ်ပြီးစီးသော အလျား ၁၃၆ ပေ၊ အနံ ၅၄ ပေ၊ သံကူကွန်ကရစ် အမျိုးသမီးယောဂီ(ဓမ္မဂဝေသီ) တရားထိုင်ဆောင်ဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက်စနာရီခွဲက တရားထိုင်ဆောင်ရှေ့၌ ကျင်းပရာ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် မဟာစည်ရိပ်သာ ပဓာနဆရာတော် ဘဒ္ဒန္တသူရိယ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇဓမ္မာစရိယ)၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်သာသနာရေးမှူး ဦးနိုင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဝိနယာစာရ(မဟာသဒ္ဓမ္မဇောတိကဓဇ)က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ဗည်းကျောက်စာကို ဆရာတော် သံဃာတော်များ၊ အလှူရှင်များက အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။တရားထိုင်ဆောင်သစ် ဆောက်လုပ်ရေးအဖွဲ့က ခရိုင်အုပ်ချုပ်ရေးမှူးထံ အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက သံဃာတော်များထံ ပြန်လည်ဆက်ကပ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

## အောင်လံမြို့တွင် ခရီးသည်အဝေးပြေးယာဉ်များစစ်ဆေး

**သရက် စက်တင်ဘာ ၁၇**



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ ပြည်လမ်းရှိ ပုဂ္ဂလိကလုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီရုံးရှေ့၌ စက်တင်ဘာ ၁၃ ရက် နံနက် ၆ နာရီမှ ၉ နာရီအတွင်း အောင်လံ-ရန်ကုန် ထွက်ခွာမည့် ခရီးသည်တင် အဝေးပြေးယာဉ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ညီညွတ်မှု ရှိ မရှိစစ်ဆေးခြင်း၊ သက်တမ်းရှိ သက်သေခံလက်မှတ် စံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်ကြံ့ခိုင်သော ကားတာယာများရှိ/မရှိ၊ အဓိကအစိတ်အပိုင်းနှင့် သတ်မှတ်ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်နောက်လိုက်၊ ယာဉ်အကူ ပါရှိမှု၊ ရောင်ပြန်ပြား မီးသတ်ဆေးဘူး ရှိ/မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

ထိုသို့ စစ်ဆေးရာတွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးသန်းထွဋ်၊ ခရိုင်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်၊ မြန်မာ့အာမခံလုပ်ငန်း၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပုဂ္ဂလိကလုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

## ရဲတပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ ပူးပေါင်းလေ့ကျင့်

**မန္တလေး စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်ခြင်း၊ မီးဘေးအန္တရာယ်ဖြစ်ပွားလာပါက မီးငြိမ်းသတ်ခြင်းတို့အတွက် လေ့ကျင့်မှုကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရဲတပ်ဖွဲ့ ရုံးဝင်းအတွင်း၌ စက်တင်ဘာ ၁၂ ရက်က လေ့ကျင့်ခဲ့ကြသည်။ ပူးပေါင်းလေ့ကျင့်ပွဲသို့ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ရဲမှူးခင်မောင်တင့်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြည်စိုး၊ မြို့နယ်မှုခင်းမှတ်တမ်းတာဝန်ခံ ဒုရဲမှူးဇော်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး ဦးအောင်မြင့်နှင့် သရုပ်ပြတပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး သရုပ်ပြပူးပေါင်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း ဒုတိယတန်း(ကျောင်းဝင်- ၀၇၆၆) မှ မောင်ဝင်းစိန်၏ ဖခင်အမည်မှန်မှာ ဦးရန်လောင်အယ်(ခ)ဦးလောက်ဆန်း ၁၃/ကလတ(နိုင်)၀၂၀၂၈၇ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

တန့်ဆည်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(B)မှ မညီညီလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်စိုး ၅/တဆန(နိုင်)၀၃၇၁၄၃ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်စိုး**

**အမည်မှန်**

ဦးလောက်ဆန်း၏ သားဖြစ်သူ လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း ပထမတန်း (ကျောင်းဝင်-၀၇၇၁) မှ မောင်ဆန်းဝင်း၏အမည်မှန်မှာ မောင်ဝင်းဆန်း ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

တန့်ဆည်မြို့ အထက(၁) ဆဋ္ဌမတန်း(A)မှ မောင်ကောင်းခန့်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆွေ ၅/တဆန(နိုင်)၀၅၈၆၁၉ ဖြစ်ပါကြောင်း။

**ဦးဝင်းဆွေ**

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၃) တတိယတန်း(ခ)မှ စိုင်းနွံကျောက်နှင့် စတုတ္ထတန်း(ခ)မှ စိုင်းဝန်းနီးတို့၏ ဖခင်အမည်မှန်မှာ အိုက်စိုင်း ၁၃/ကတန(နိုင်)၁၁၄၇၉၁ ဖြစ်ပါကြောင်း။ **အိုက်စိုင်း**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(B)မှ မဇင်မာအေး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ ၅/တဆန(နိုင်)၀၂၈၃၀၆ ဖြစ်ပါကြောင်း။

**ဦးကျော်ဆွေ**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၇ယ/၇၄၇၂၄ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ကြူး ၃/မဝတ(နိုင်)၀၂၃၇၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြဝတီ)**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဖြိုးထက်လင်းနှင့် ပဉ္စမတန်း(A)မှ မောင်ဝေကျော်မင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စိန် ၅/တဆန(နိုင်)၀၈၉၆၀၄ ဖြစ်ပါကြောင်း။

**ဦးကျော်စိန်**

**စန္ဒီမယ်တော်(ဒူရ်ဂါ)ပူဂျာ ပူဇော်ပွဲတော်(၂၀၁၄)**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၃၀၇ရှိ သျှရီ သျှရီဒူရ်ဂါဘာရီ(စန္ဒီမယ်တော်) ဟိန္ဒူဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော စန္ဒီမယ်တော်(ဒူရ်ဂါ) ပူဇော်ပွဲကို ဟိန္ဒူဘာသာဝင်တို့၏ ရိုးရာအစဉ်အလာအတိုင်း နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ ၃ ရက်အထိ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုဖူးမြော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**စန္ဒီမယ်တော်(ဒူရ်ဂါ)ပူဂျာ ကျင်းပရေးကော်မတီ(၂၀၁၄)**

**အထူးကျေးဇူးတင်ရှိခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ပေ ၅၀၊ ပဒေသရာဇာလမ်းမကြီးအား ပေ ၂၀ အကျယ်၊ အလျား ၁၀၇၆ ပေ ကွန်ကရစ်လမ်းမကြီးခင်းရန် ပါဝင်ကူညီခဲ့သော သန်လျင်မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သရဖူသစ်အမျိုးမျိုးနှင့်အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မိသားစုအား အထူးကျေးဇူးတင်ရှိပါသည်။

**ပဒေသရာဇာ လမ်းသူ/လမ်းသားများ**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် ခမ်းပတ်မြို့နယ်ခွဲ အထက နဝမတန်း(အောင်)မှ မအေးနန္ဒာ၏ဖခင်အမည်မှန်မှာ ဦးသောင်းလှထွေးဖြစ်ပါကြောင်း။

**ဦးသောင်းလှထွေး**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခမ်းပတ်မြို့နယ်ခွဲ အထက နဝမတန်း(အောင်)မှ မောင်အောင်ထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးဗန်ဗျက်ဟုတ်ဖြစ်ပါကြောင်း။

**ဦးဗန်ဗျက်ဟုတ် ၅/တမန(နိုင်)၀၂၃၆၃၆**

**ဖခင်အမည်မှန်**

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်း(A)မှ မရတနာဖြိုး ကျောင်းဝင်အမှတ် KA-၀၃၅၂ ၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင်ဖြစ်ပါကြောင်း။

**ဦးမင်းအောင် ၆/မအရ(နိုင်)၀၇၀၆၉၆**

**ဖခင်အမည်မှန်**

မြိတ်မြို့၊ မြင့်မိုရ်ပုဂ္ဂလိကပညာသင်ကျောင်း၊ ပထမတန်း(၁၂၀၁)မှ ကျောင်းဝင်အမှတ် MM-140116 ဖြစ်သူ မနွေးထွေးဝေ၏ ဖခင်အမည်မှန်မှာ ဦးထွေးဝေ ၆/မအရ(နိုင်)၀၀၂၀၄၉ ဖြစ်ပါကြောင်း။

**ဦးထွေးဝေ**

**ရောင်းမည်**

တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီးပေါ်၊ ကိုးလွှာ၊ Pent-house၊ ပေ (၄၈×၇၃)၊ sqft-3504, 1MB, 1B, 2A/C, ပါကေးခင်း Lift

ဖုန်း-၀၉-၅၀၈၉၉၄၅၊ ၀၉-၅၁၆၀၇၇၈

**အမြန်ငှားမည်/ရောင်းမည်**

ဗိုလ်ဆွန်ပက်ကွန်ဒို (၁၂)လွှာ (F12)ငှားမည်/ရောင်းမည်။
- အဆင့်မြင့်ပြင်ဆင်ထားပြီး
- ဆေးခန်း၊ ကုမ္ပဏီ၊ NGO အဖွဲ့အစည်းများနှင့်အထူးသင့်တော်ပါသည်။
- (၃၄×၅၆)ပေ အကျယ်ရှိသည်။
- အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

**စုံစမ်းရန်**

ဖုန်း-၀၉-၄၂၀၀၇၁၄၉၅၊ ၀၉-၄၂၀၀၇၁၄၉၆

# အင်းလေးကန်အတွင်းမှ တိရစ္ဆာန်ဘေးမဲ့တော


တင်လှိုင်(မိတ္ထီလာ)

သဘာဝ ပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များ မပြုန်းတီးရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးပွားရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနက သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးအတွက် ဘေးမဲ့တောများတည်ထောင်ထားသည်။ ချပ်သင်း၊ ရွှေသမင်ဘေးမဲ့တော၊ ရွှေစက်တော်ဘေးမဲ့တော၊ ဟူးကောင်းတောင်များ ထိန်းသိမ်းရေးစခန်းနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများသည် မြန်မာနိုင်ငံ၏ အဓိကဘေးမဲ့တောများ ဖြစ်သည်။

ထိုဘေးမဲ့တောများတွင် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် အရှေ့တောင်အာရှရှိ အကြီးဆုံးကုန်းတွင်း ရေတိမ်ဒေသများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အာဆီယံအမွေအနှစ် ဥယျာဉ် (ASEAN HERITAGE PARK) တစ်ခုလည်း ဖြစ်သည်။ သက်ရှိသက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းပြည်ပဧည့်သည်များနှင့် သုတေသနပညာရှင်များ အထူးစိတ်ဝင်စားကြသည့် နယ်မြေ ဖြစ်သည်။ အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ၁၉၅၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က တည်ထောင်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် တွင် အာဆီယံ အမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို အင်းလေးကန်ဘေးမဲ့တောအတွင်းရှိ ရေတိမ်ဒေသ ဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ အင်းလေးကန်၏ ထူးခြားသော ဘူမိအသွင်အပြင်နှင့် ကုန်းမြင့်ရေကန်၏ သဘာဝအလှများ ထိန်းသိမ်းရန်၊ ရေပျော်ငှက်များနှင့် ရေတိမ်ဒေသ၊ ရေနေသတ္တဝါများ၊ ရေနေအပင်များ၏ နေထိုင်ကျက်စားမျိုးပွားရာများကို စီမံအုပ်ချုပ်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်များ၊ ဒေသခံပြည်သူများအတွင်း ပျံ့နှံ့ရောက်ရှိစေရန်နှင့် သဘာဝကိုအခြေခံသော ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်း ဝင်ငွေရရှိစေခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် တည်ထောင်ထားခြင်း ဖြစ်သည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းတွင် ကျေးရွာပေါင်း ၂၈၁ ရွာ ရှိသည်။ အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ရှေ့တန်းထိန်းသိမ်းရေးစခန်းအဖြစ် ဖယ်ခုံမြို့နယ်တွင် လည်းကောင်း၊ ကင်းစခန်းမှာ ရွှေရန်ပြေတွင် လည်းကောင်း၊ အထူးသဖြင့် အမာခံ ထိန်းသိမ်းရေးနယ်မြေအတွင်းတွင် ငှက်ဝါသနာရှင်များ ငှက်ကြည့်လေ့လာနိုင်ရန်နှင့် လူထုပညာပေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် အမာခံထိန်းသိမ်းရေးစခန်းအဖြစ် အင်းလေးကန်ထဲတွင် နှစ်ထပ်ငှက်ကြည့်စင်တစ်လုံး တည်ထောင်ထားသည်။

အင်းလေးကန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ကိုးမျိုး၊ ငှက်မျိုးစိတ် ၃၄၅ မျိုး၊ ရေပျော်ငှက် ၉၀၊ ကုန်းငှက် ၂၅၅ မျိုး၊ ငါးမျိုးစိတ် ၅၉ မျိုး၊ (၁၆ ဒေသရင်းမျိုး) လိပ်ပြာ ၉၄ မျိုး၊ ကုန်းနေ ရေနေသတ္တဝါ ၂၅ မျိုး၊ လိပ်သုံးမျိုး မှတ်တမ်းတင်ထားရှိသည်။ ငှက်မျိုးစိတ်များတွင် တစ်မုတ်၊ ဒင်ကျီး၊ အော်ရော၊ ဥပန်း၊ ငတစ်မွဲ၊ ငတစ်ဖျိုင်းငန်း၊ သာယာဝတီ ဖျိုင်း၊ ဝေသာလီဖျိုင်း၊ ကျွဲကျောင်းဖျိုင်း၊ လင်းဝက်၊ ဖျိုင်းအောက်၊ ဆတ်ဖျိုင်း၊ ခရုတုတ်၊ ခရုစုပ်ခေါင်မဲ၊ ခရုစုပ်၊ စစ္စလီ၊ ဘဲငန်း၊ ဘဲငန်းခေါင်းကြား၊ ဘဲဟသ်ာ(အဝါ)၊ ဘဲဟသ်ာ(အဖြူ)၊ မောက်တင်ဘဲ၊ ကရကတ်၊ မန်ဒရင်းဘဲ၊ ဘဲအ၊ ဘဲခေါင်းစိမ်း၊ ဘဲစကတ်၊ ဘဲရစ်၊ ဘဲဂတ်၊ ဘဲနီစပ်၊ ကြိုးကြာ၊ ရေငုံး၊ ရေကြက်ရစ်ဖြူ၊ တုံးလုံး၊ ဖောင်းတုတ်၊ ရေကြက်၊ မယ်ညို၊ ရေကြက်ခုံ၊ ရေဒေါင်း၊ ကြာဖက်နင်း၊ ဒေါင်းလန်းခြေထောက်၊ သောင်တင်း၊ တစ်တီတူး၊ ပလိုဗား၊ ကာလူးနှင့် ခြေနီ၊ ခြေစိမ်း၊ ရေညှောင့်၊ စနိုက်၊ စင်ရော်၊ မြစ်တွေး၊ စကီမာ ငှက်များ ပါဝင်သည်။ အချို့ငှက်များမှာ အမည်တူသော်လည်း သုံးလေးမျိုးကွဲပြားသည်။

ညောင်ရွှေမြို့ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနက အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် ပုံမှန်လှည့်လည်စစ်ဆေးခြင်း၊ လူထုပညာပေးဟောပြောခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဥယျာဉ်နယ်နိမိတ်စိစစ်ခြင်း၊ ဆိုင်းဘုတ်များစိုက်ထူခြင်း၊ မြေအသုံးချမှုမှန်စေရေး စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း အဓိကရင်ဆိုင်နေရသော ပြဿနာများမှာ အင်းလေးကန်သဘာဝထိန်းသိမ်းရေးနယ်မြေများမှ အခြားမြေအသုံးချမှုသို့ ပြောင်းလဲအသုံးပြုရန် (လူနေအိမ်ခြေ များပြားလာမှု၊ စိုက်ပျိုးမြေများ တိုးချဲ့လာမှု၊ ဟိုတယ်နှင့်စားသောက်ဆိုင်များ တိုးချဲ့လာမှု)၊ အင်းလေးကန်အတွင်း ရေအရည်အသွေး ကျဆင်းစေသည့် ဖြစ်စဉ်များ တိုးမြင့်လာခြင်း၊ တရားမဝင် ငါးဖမ်းခြင်း၊ အင်းလေလံပေး၍ တရားဝင် ငါးဖမ်းခွင့်လိုင်စင် ထုတ်ပေးခြင်းစသည့် ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

**ဝိုင်းဝန်းထိန်းသိမ်း**

အင်းလေးကန် ရေတိမ်ဒေသ ဂေဟစနစ်နှင့် သက်ရှိ ဇီဝမျိုးစုံ မျိုးကွဲများ စဉ်ဆက်မပြတ် ထိန်းသိမ်းရေးလုပ်ငန်းသည် ဒေသခံတိုင်းရင်းသားများနှင့် ပြည်သူများ ပူးပေါင်းဝိုင်းဝန်းထိန်းသိမ်းမှသာ အောင်မြင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ပြည်တွင်းသတင်းနှင့် ကြော်ငြာ**

## ငွေချည်(၆) ချည်မျှင်ရှည်ဝါ စံပြကွက်ကွင်းပြပွဲကျင်းပ

**နတ်မောက် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေချည် (၆) ချည်မျှင်ရှည်ဝါ သရုပ်ပြပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ကွင်းအမှတ် ၄၇၄ နတ်မောက်မြို့ ဝါးခုတ်ချောင်းမြောက်ဘက်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းက စိုက်ပျိုးရေးဆေးများကို အသုံးပြုရာတွင် စနစ်တကျကိုင်တွယ်ရန် လူနှင့် လူ့ပတ်ဝန်းကျင်ကို အန္တရာယ်ပေးနိုင်သော ပိုးသတ်ဆေးအပြင်းများကို အသုံးမပြုရန်နှင့် အိန္ဒိယမှ တင်သွင်းရယူလာသည့် ငွေချည်(၁၊ ၂၊ ၃၊ ၄၊ ၅)မှ ငွေချည်(၆) အဆင့်အထိ စနစ်တကျလေ့လာပြီးမှ မြန်မာနိုင်ငံရာသီဥတုနှင့် ကိုက်ညီမည့် ငွေချည်(၆) ကိုသာ အသုံးပြုစေရန် ဝါစိုက်တောင်သူများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဝါနှင့် ပိုးချည်လုပ်ငန်း မြို့နယ်ဦးစီးမှူး ဦးကြည်မြင့်က ဝါစိုက်တောင်သူများအား ပိုးသတ်ဆေး ကို ရာသီဥတုနှင့် အချိန်အခါကိုမူတည်၍ ပက်ဖျန်းကြရန်နှင့် ပိုးမွှားကင်းထောက် မှတ်တမ်းယူနည်းများကိုလည်း ရှင်းလင်းမှာကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဝါစိုက်ပျိုးသူ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **လှဝင်း(iprd)**

•••••••••••••••••••

## (GAP) ပုလဲသွယ်စပါးခင်းကို ဓာတ်မြေဩဇာစုပေါင်းကြဲပက်

**မြို့သစ် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် မြေပြင်သာအုပ်စု သန်းကုန်းကျေးရွာရှိ စွန်ဆည်ရေသောက်တောင်သူ ၁၇ ဦးဖြင့် (GAP) သိပ္ပံနည်းကျစိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းသို့ သဘာဝဓာတ်မြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ ပေါင်းစပ်ကြဲပက်ပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပသည်။ အဆိုပါဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မကွေးခရိုင်ဦးစီးမှူး ဦးဦးသာက ကြဲပက်မည့်တောင်သူများသို့ ယူရီးယား ဓာတ်မြေဩဇာများ ပေးအပ်ခဲ့ပြီး သိပ္ပံနည်းကျစိုက်ပျိုးနည်း (၁၄)ချက်နှင့် အညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။ ထို့နောက် မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ကလည်း လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းဝင်းထွန်း(iprd)**

•••••••••••••••••••

## မိုးစပါး တောင်သူပညာပေးစံပြစိုက်ခင်း ဓာတ်မြေဩဇာကြဲပက်

**မာန်အောင် စက်တင်ဘာ ၁၇**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် တောထူကျေးရွာအုပ်စုရှိ တောင်သူပညာပေး စံပြကွက်ဧက ၅၀ အတွင်းရှိ လယ်မြေ၌ စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးမှူးနှင့် ကွင်းတာဝန်ခံများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် တောင်သူ ၄၃ ဦးတက်ရောက်အားပေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထန်းစောက စပါးအထွက်တိုးစေရန် ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ ရောစပ်သုံးစွဲနည်းများကို တောင်သူများအား ရှင်းလင်းဆွေးနွေးပြီး သိလိုသည်များကို ပြန်လည်ဖြေကြားကာ စုပေါင်းဓာတ်မြေဩဇာကြဲပက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**


**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**နှစ်(၉၀)ပြည့် နဝရတ်ရတု အထိမ်းအမှတ်**

**စာတမ်းဖတ်ပွဲ ဖိတ်ကြားခြင်း**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ် ၉၀ ပြည့် နဝရတ်ရတုအထိမ်းအမှတ် အခမ်းအနားစာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါစာတမ်းဖတ်ပွဲ၌ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

တင်သွင်းဖတ်ကြားမည့်စာတမ်းများကို မြန်မာ/အင်္ဂလိပ်ဘာသာ-အကျဉ်းနှင့် အင်္ဂလိပ်ဘာသာ-အကျယ် (Myanmar 3, font 13, Line Spacing 1.5, pages 12-15)ဖြင့် (Hard copy နှင့် soft copy)များကို ၃၀-၁၁-၂၀၁၄ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ပါသည်။ ပိုစတာများကို အရွယ်အစား (၃၅×၄၅)လက်မဖြင့် ပေးပို့ရမည်ဖြစ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၃-၁၂-၂၀၁၄ ရက်နှင့် ၂၄-၁၂-၂၀၁၄ ရက်
**ကျင်းပမည့်အချိန်** - နံနက် ၈း၀၀နာရီ
**ကျင်းပမည့်နေရာ** - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စုဝေးခန်းမ
**ဆက်သွယ်ပေးပို့ပါရန်** - ဒေါက်တာစိုးစိုးသိန်း
ပါမောက္ခ၊ မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာန၊
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
Email:soesoethein1@gmail.com
Phone-09-5081470



**ဖခင်အမည်မှန်**
မြသီဂီသီလရှင်စာသင်တိုက် သတ္တမတန်းတွင် ပညာသင်ကြားနေသော မောင်စိုင်းဝဏ္ဏနိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ၁၁/စတန(နိုင်)၈၁၂၀၉၁ ဖြစ်ပါကြောင်း။



**ယောဆရာတော်ကြီး၏**
**ပဲခူး၊ ၁၀-မိုင်ကုန်း၊ မုံလယ်တောရ ဓမ္မရိပ်သာ အထူးတရားပွဲ**

ရန်ကုန်မြို့၊ ဗဟန်း နန္ဒဝန်လမ်း၊ ဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)ကြီးမှ ပဲခူး၊ ၁၀-မိုင်ကုန်း၊ မုံလယ်တောရဓမ္မရိပ်သာသို့ ကြွရောက်၍ နိဗ္ဗာန်ရောက်ကြောင်း တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးဟောကြားမည်ဖြစ်ပါ၍ တရားနာယူကြွရောက်ပါရန် ဓမ္မမိတ်ဆွေသူတော်ကောင်း အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၃-၉-၂၀၁၄ ရက် (အင်္ဂါနေ့)
၁၃၇၆ခုနှစ် တော်သလင်းလကွယ်နေ့
**အချိန်** - နံနက် ၈း၃၀ နာရီ
**နေရာ** - ပဲခူး၊ ၁၀-မိုင်ကုန်း၊ မုံလယ်တောရ ဓမ္မရိပ်သာ

**အကျိုးဆောင်အဖွဲ့**



**မှတ်ပုံတင်နှင့် Passport ပျောက်ဆုံး**

မတင်ကြွေး ၄/မတပ(နိုင်)၀၄၀၅၄၇ Passport MA-779192 နှင့် ဦးပါကျိမ်း ၁၂/ဗဟန(နိုင်)၀၇၄၃၄၀ Passport MA-670274 တို့သည် စက်တင်ဘာ ၁ရက်တွင် မှတ်ပုံတင်နှင့် Passport ဆူးလေ၌ Taxi ပေါ်တွင် ကျကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။ **ကျေးဇူးဆပ်ပါမည်။**

**ဖုန်း-၀၉-၇၃၁၃၃၈၉၆၊ ၀၉-၃၁၂၆၈၁၂၂**



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာနအတွက်**
**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်**
**တင်ဒါခေါ်ယူခြင်း**
**အိတ်ဖွင့်တင်ဒါအမှတ်(၇/၂၀၁၄-၂၀၁၅)**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (၁) | ပလတ်စတစ်စေ့(၅၅ ပေါင်ဝင်) (Tasnee) (Saudi Arabia) | (၅၀၀)အိတ် |
| (၂) | ဦးထုပ်(သစ်တောတံဆိပ်ပါ) | (၅၆၀၀)လုံး |
| (၃) | တောစီးဖိနပ်(သားရေလည်ရှည်) | (၅၆၀၀)ရံ |
| (၄) | ခြေအိတ် | (၁၁၂၀၀)စုံ |

၂။ တင်ဒါပေးသွင်းမှုကို ၁၀-၁၀-၂၀၁၄ရက်၊ ၁၀း၃၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**(၁)သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၀၁**

**(၂)သစ်တောဦးစီးဌာန**
**-အနောက်ကြို့ကုန်း**
**-ဘုရင့်နောင်လမ်း၊အင်းစိန်**
**ဖုန်း-၀၁-၆၄၄၂၀၈**



**အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ရွာသစ်ရပ်ကွက်နေ ဦးကျော်မြင့်၏ သမီးမနှင်းဝါထူး ၈/ရနခ(နိုင်)၀၉၀၁၈၉ ၏အမည်မှန်မှာ မနှင်းနွယ်ထူးဖြစ်ပါကြောင်း။



**ဖခင်အမည်မှန်**

သထုံမြို့၊ အထက(ခွဲ) လ(၁) တက္ကသိုလ်ဝင်တန်း(A)မှ မခင်ဇာမိုး၏ ဖခင်အမည်မှန်မှာ ဦးတင်ထွေး ၁၀/သထန(နိုင်)၀၂၉၉၁၀ ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ကျောက်ပန်းတောင်းမြို့နယ်တွင် စိုက်ပျိုးရေတွင်း ၁၂၅ တွင်းတူးဖော်မည်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စိုက်ပျိုးရေတွင်းများ တူးဖော်ပေးလျက်ရှိပြီး စုစုပေါင်း ရေတွင်း ၁၂၅ တွင်း တူးဖော်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးသွင်းအားစုအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိရေးကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ဖြည့်ဆည်းဆောင်ရွက်ပေးမှုအဖြစ် ရေတွင်းများ တူးဖော်ပေးခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ် လယ်ကြီးတောင်ကျေးရွာအုပ်စုတွင် ၄၈ တွင်း၊ မကျီးကုန်းကျေးရွာအုပ်စုတွင် ၄၄ တွင်း၊ ညောင်ပင်သာအုပ်စုတွင် တွင်း ၂၀ နှင့် သရက်တောကျေးရွာအုပ်စုတွင် ၁၃ တွင်း တူးဖော်ခွင့်ရရှိထားသည်။

တွင်းတူးလုပ်သားများ တစ်ဖွဲ့လျှင် သုံးဦးစီဖြင့် ခုနစ်ဖွဲ့ခွဲ၍ ဩဂုတ် ၂၈ ရက်မှ စတင်တူးဖော်လျက်ရှိပြီး စက်တင်ဘာ ၁၅ ရက်အထိ လယ်ကြီးတောင်ကျေးရွာအုပ်စုတွင် ၁၅ တွင်း၊ မကျီးကုန်းကျေးရွာအုပ်စုတွင် ရှစ်တွင်း၊ ညောင်ပင်သာကျေးရွာအုပ်စုတွင် ၁၀ တွင်း စုစုပေါင်း ၃၃ တွင်း တူးဖော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ငါန်းဇွန်မြို့နယ်ကပါ။ ကျွန်တော်တို့တွင်းတူးအဖွဲ့က သုံးယောက်ပါပါတယ်။ ယခုအထိ ကျွန်တော်တို့အဖွဲ့က ရှစ်တွင်းတူးပြီးပါပြီ။ အားလုံးအဆင်ပြေပါတယ်။ တွင်းတစ်တွင်းအတွက် ကျွန်တော်တို့ကို သတ်မှတ်ပေးတာကတော့ ပေ ၁၀၀ တူးပေးဖို့ပါ။ ဒါပေမယ့် ပေ ၁၀၀ နဲ့ ရေကြောမတွေ့ဘူးဆိုရင်တော့ ပေ ၁၂၀၊ ၁၃၀ အထိရောက်အောင် လိုက်ပေးပါတယ်"ဟု ငါန်းဇွန်မြို့နယ် လေးထောင့်ကန်ကျေးရွာမှ တွင်းတူးလုပ်သား ကိုအောင်ကျော်က ပြောသည်။

အဆိုပါ စိုက်ပျိုးရေတွင်းတူးဖော်ရာတွင် ပေ ၃၀၊ ၄၀အနက်မှရရှိသည့် သဲကြောအခြေအနေကိုကြည့်၍ ရေကြော ရှိနိုင် မရှိနိုင်ကို ခန့်မှန်းရခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့အနေဖြင့် အနက်ပေ ၄၅၀၊ ၅၀၀ထိ တူးဖော်နိုင်ကြောင်းလည်း သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်အတွင်းတွင် အဆိုပါ မြေအောက်စိုက်ပျိုးရေတွင်းများ တူးဖော်ပြီးစီးပါက ဆည်ရေနှင့်အလှမ်းဝေးပြီး မိုးကိုအမှီပြုနေရသည့် မကျီးကုန်း၊ လယ်ကြီးတောင်၊ သရက်တောနှင့် ညောင်ပင်သာအုပ်စုမှတောင်သူများ သီးနှံစိုက်ပျိုးရေးအတွက် ရေခက်ခဲမှု မရှိနိုင်တော့ဘဲ သီးထပ်သီးညှပ်များ တိုးချဲ့စိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း သိရသည်။ **နေအောင်**



# သုံးမြွှာပူးကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၇**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဧပြီလအတွင်းက မွေးဖွားခဲ့သော သုံးမြွှာပူးကလေးများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကလေးအားဖြည့်အစားအစာများနှင့် ထောက်ပံ့ငွေများကို မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနခန်းမ၌ စက်တင်ဘာ ၁၅ ရက်က ထောက်ပံ့လှူဒါန်းခဲ့သည်။



ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် သုံးမြွှာပူးကလေးများ၏ ဖခင် ဦးမင်းလွင်ဦးနှင့် မိခင် ဒေါ်ခင်မာညိုတို့အား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် အမှုဆောင်ကော်မတီဝင်များက ပေးအပ်လှူဒါန်းခဲ့ပြီး လစဉ် ကလေးအားဖြည့်အစားအစာများ၊ ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သုံးမြွှာပူး မိန်းကလေးသုံးဦးအား မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံတွင် ဧပြီ ၂၆ ရက်က ခုတင်(၁၀၀) ဆေးရုံအုပ်ဆရာဝန်ကြီး ဒေါက်တာအေးအောင်နှင့် ဆရာဝန် ဆရာမကြီးများက ကောင်းမွန်စွာ မွေးဖွားပေးခဲ့ပြီး မိခင်ရော၊ ကလေးများပါ ကျန်းမာလျက်ရှိကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

# မော်လမြိုင်ကျွန်း-မအူပင်လမ်းမကြီး ကတ္တရာခင်းမည်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၇**

မော်လမြိုင်ကျွန်း-မအူပင် အဝေးပြေးလမ်းမကြီးကို ယခုပွင့်လင်းရာသီတွင် ကတ္တရာလမ်းခင်းလုပ်ငန်းများ စတင်ဆောင်ရွက်တော့မည်ဖြစ်ရာ အဝေးပြေးလမ်းမကြီး တစ်လျှောက် ကတ္တရာလမ်းခင်းကျောက်ကြီးများ စတင်စုပုံနေပြီဖြစ်သည်။

ယင်းမော်လမြိုင်ကျွန်း-မအူပင် အဝေးပြေးလမ်းမကြီးမှာ ၄၄ မိုင် ခြောက်ဖာလုံ ရှည်လျားသော ကားလမ်းမကြီးဖြစ်ပြီး အပိုင်းလိုက် ကတ္တရာလမ်းခင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကာ ယခု ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မိုင် ၃၀ ကျော်အထိ ပြီးစီးအောင် ခင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်ရှိသောလမ်းပိုင်းကိုလည်း လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ၂၀၁၅ ခုနှစ် ဇွန်လတွင် မော်လမြိုင်ကျွန်း-မအူပင် အဝေးပြေးလမ်းမကြီးတစ်ခုလုံး ကတ္တရာလမ်းခင်းပြီးစီးသွားမည် ဖြစ်သည်။

အဆိုပါ မော်လမြိုင်ကျွန်း-မအူပင် အဝေးပြေးလမ်းမကြီး ကတ္တရာလမ်းခင်းပြီးစီးသွားပါက ယခင်ကထက် အချိန် တစ်နာရီစောပြီး ရန်ကုန်မြို့သို့ ရောက်ရှိတော့မည်ဖြစ်ရာ မြို့နယ်ပြည်သူများနှင့် ခရီးသွားပြည်သူများ အတွက် သွားလာရေး များစွာ အဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။ **ဝဇ၅**

# ကွန်ကရစ်ဓာတ်တိုင်များ ကိုယ့်အားကိုယ်ကိုးစိုက်ထူ

**တောင်ငူ စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့ တပင်ရွှေထီးရပ်ကွက် ဗညားဒလလမ်းတွင် ဟောင်းနွမ်းနေသည့် လျှပ်စစ်ဓာတ်တိုင်များကို စက်တင်ဘာ ၁၄ ရက်က လဲလှယ်စိုက်ထူခဲ့ကြောင်း သိရသည်။ ရပ်ကွက်နေပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးထည့်ဝင်ငွေဖြင့် ကွန်ကရစ်ဓာတ်တိုင် ရှစ်တိုင်ကို လဲလှယ်စိုက်ထူခဲ့ခြင်းဖြစ်ပြီး တစ်တိုင်လျှင် ငွေကျပ် ၁၁၀၀၀၀ဖြင့် ငွေကျပ် ၈၈၀၀၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**


## ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန် (W.B.M.I)
## နိုင်ငံခြားဘာသာစကား ပညာဒါနကျောင်း
## (၂၅)နှစ်ပြည့် အထိမ်းအမှတ်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ (၁၉၉၅)၊ ကမ္ဘာအေးဆရာတော် ဦးပညာဒီပ (၁၉၈၉-၂၀၀၃)၊ ယခုကျောင်းထိုင်ဆရာတော်ကြီး ဘဒ္ဒန္တတေဇောဘာသ (၂၀၀၃-ယခု)တို့ဦးစီး၍ ဖွင့်လှစ်ပေးခဲ့ပါသော ဤဗိမာန်ကြီး (W.B.M.I)သည် ၁၈-၉-၂၀၁၄ရက်၌ (၂၅)နှစ်ပြည့်ပြီဖြစ်ပါ၍ သင်ကြားရေး ဆရာ၊ ဆရာမများနှင့်တကွ ကျောင်းသူ ကျောင်းသားများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် သာဓုအနုမောဒနာခေါ်ဆိုပါကြောင်း။

**ဦးတေဇောဘာသ ဖုန်း-၀၉-၇၃၀၈၇၂၃၈**
**လိပ်စာ-အမှတ် ၅၊ ချမ်းသာပြည့်စုံလမ်း၊**
**ပန်းပင်ကုန်းရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**(စွယ်တော်ဘုရားအနီး)**

**ကျောင်းသားရေးရာတာဝန်ခံ**
**ကိုမြင့်ဆန်း ဖုန်း-၀၉-၅၀၁၅၀၀၂**
**ဒေါက်တာခင်မာသက်**
**ဖုန်း-၀၉-၅၁၆၆၉၃၂**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဟ/၇၆၈၆ ပြိုင်မြင်း (YRH-7) ယာဉ်လက်ဝယ်ရှိသူ ဦးပြုံး ၈/မကန(နိုင်)၀၃၄၂၄၈က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၅၇၁၆၁ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ကြည် ၈/မကန(နိုင်)၀၀၉၀၄၃က(ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## တစ်ဦးတည်း ဖြစ်ကြောင်း

မကွေးမြို့၊ ရန်ပယ်ရပ် ၂၄လမ်း၊ အမှတ်(၂၉၂)နေ မသန္တာအောင် ၈/မကန(နိုင်)၂၀၄၂၉၉၏ဖခင် ဦးမောင်ငွေးနှင့် ဦးငွေးဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးမောင်ငွေး(ခ)ဦးငွေးဝင်း ၈/မကန(နိုင်)၀၅၂၂၁၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၁၄ ခုနှစ် တရားမအထူးအယူခံမှုအမှတ်-၃၀

ဒေါ်ကြည်ညွန့် (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဒေါ်ဝင်းဝင်းမာ) **နှင့်** ဒေါ်အမာရီ ပါ(၈)

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

(၄) ဒေါ်သန်းသန်းငွေး၊ (၅) ဦးရဲမြင့်၊ (၆) ဦးကျော်စိုး၊ (၇) ဦးနိုင်၊ (၈) ဦးတင်စိုး (ကွယ်လွန်သူ ဦးထွန်းကြည်၏ တရားဝင်ကိုယ်စားလှယ်များ) မောင်ထော်လေးလမ်းနှင့် မဟာဗန္ဓုလလမ်းထိပ်၊ ဆက်သွယ်ရေးဝန်ထမ်းအိမ်ရာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) အယူခံတရားပြိုင်များ သိစေရမည်။

အယူခံတရားလိုက မိမိအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၃ခုနှစ် တရားမအယူခံမှုအမှတ် ၁၀၈ တွင် ချမှတ်လိုက်သော ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၇ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ်၌ အထူးအယူခံဝင်ခွင့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရ ပေးပါမည့်အကြောင်း အထက်အမည်ဖော်ပြပါ အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တင်သွင်း၍ အထူးအယူခံဝင်ခွင့်ပြုပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အထူးအယူခံမှုနှင့် အယူခံတရားပြိုင် အမှတ်(၂) ဒေါ်နွဲ့နွဲ့(ခ)ဒေါ်နွဲ့လေး ကွယ်လွန်သဖြင့် ၎င်း၏သားသမီးများဖြစ်သည့် (၁) ဦးအောင်စိုး၊ (၂) ဦးနေဝင်း၊ (၃) ဒေါ်နှင်းနှင်းအေး၊ (၄) ဦးထွန်းထွန်းလင်း၊ (၅) ဒေါ်ပြုံးပြုံးငယ်၊ (၆) ဦးထင်အောင်၊ (၇) ဒေါ်မမလေးတို့အား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးပါရန် လျှောက်ထားသည့် လျှောက်လွှာများနှင့်စပ်လျဉ်း၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ကိုယ်စား သင်တို့၏ တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သင်တို့အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမဌာန လက်ထောက်ညွှန်ကြားရေးမှူးထံ ၂၀၁၄ခုနှစ် အောက်တိုဘာ ၃ရက် နံနက် ၁၀နာရီတွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ-**

**(နန်းမေယဉ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

## ဦးစိုင်းလုံးရှိန် ၁၃/ကတန(နိုင်)၁၂၉၆၈၆ သိရှိစေရန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊အမှတ်(၄)ရပ်ကွက်၊ နမ့်ခင်နွဲ့(၁)ရှိ၊ မြေကွက်အမှတ် ၁၂၊ ဦးပိုင်အမှတ် ၆၁-က၊ မြေဧရိယာ ၀ဒသမ ၆၇၃ဧကရှိ မြေကွက်ကို လူကြီးမင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစံလှိုင် ၁၃/ကတန(နိုင်)၁၁၅၈၇၁က မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့်လွှဲပြောင်းဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစံလှိုင်သည် အဆိုပါမြေကွက်ကို တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်နိုင်ရန်အတွက် လူကြီးမင်းမှ လာရောက်လက်မှတ်ရေးထိုး ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ လူကြီးမင်းအနေဖြင့် ဤအကြောင်းကြားစာပါအတိုင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုကိုဝင်း LL.B တရားလွှတ်တော်ရှေ့နေ**

## ပြန်လည်ရုပ်သိမ်းကြောင်း

ဩဂုတ် ၂၉ရက် ၂၀၁၄ခုနှစ် သောကြာနေ့ စာမျက်နှာ(၅)ပါ စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ အမှတ်(၃)ဘီနေ မသူဇာမြင့် ၁၂/တတန(နိုင်)၁၁၇၂၆၁ အား ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်သူ**
**၁၄/အဂပ(နိုင်)၁၅၈၈၀၉**

## သတင်းတိုများ

### လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ပြိုင်ပွဲ ဆုရသူများအား ဂုဏ်ပြု

စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်သော လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ပွဲကို စက်တင်ဘာ ၁၃ ရက်က မိုးကုတ်မြို့ အထက (၁) မြသီတာအစည်းအဝေးခန်းမ၌ ကျင်းပရာ မိုးကုတ်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက အမှာစကားပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

**နေဝါ(မိုးကုတ်)**

### ကျေးလက်လမ်းတာချဲ့ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ချင်းပြည်နယ် တီးတိန်မြို့နယ်တွင်းရှိ လိုင်လိုးကျေးရွာနှင့် တွီးထန်တံတားအကြား Kazaitha ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လေးမိုင် ခုနစ်ဖာလုံ လမ်းတာချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာ ၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

### ရဲတပ်ဖွဲ့နေ့ ရွှေရတုအထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ယင်းမာပင်**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ နှစ် (၅၀)ပြည့် ရွှေရတုကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင် ၂၃ ဦးသည် စက်တင်ဘာ ၁၅ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီး အရှေ့ပန်းခြံအတွင်းနှင့် ဆေးရုံကြီးဝင်းအတွင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို**

**တမူး**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုကို ဂုဏ်ပြုသောအားဖြင့် တမူးခရိုင် ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်သော်ဦးစီးသည့် တပ်ဖွဲ့ဝင်မိသားစု ၁၀၀ ကျော်က တမူးခရိုင် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၁၃ ရက်က ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၄ ရက်တွင် တပ်ဖွဲ့ဝင်နှင့် မိသားစုများက ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**

**ကျောက်ပန်းတောင်း**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ မြို့နယ်မှူး ရဲမှူးသိန်းဦး၊ စခန်းမှူးဒုတိယရဲမှူးမြင့်အောင်နှင့် အရာရှိအရာခံ၊ ရဲတပ်ဖွဲ့ဝင် ၄၈ ဦးတို့သည် မြို့နယ်ပြည်သူ့ဆေးရုံကြီးဝင်းအနောက်ဘက် ဝန်ထမ်းအိမ်ရာဝန်းကျင်နှင့် ရင်ခွဲရုံအနီးဝန်းကျင်ရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းမီးရှို့ခြင်းများကို စက်တင်ဘာ ၁၄ ရက်က ဆောင်ရွက်ခဲ့ကြသည်။

**နေအောင်**

# ၂၀၁၄ အတွက် မြန်မာ့အကောင်းဆုံးဆု ကမ္ဘောဇဘဏ်အား တရားဝင်ချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၁၇**

နိုင်ငံတကာတွင် ထိပ်တန်းဘဏ္ဍာရေးဆိုင်ရာ မဂ္ဂဇင်းဖြစ်သော အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Euro money အဖွဲ့အစည်းမှ ကမ္ဘောဇဘဏ်ကို ၂၀၁၄ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ အကောင်းဆုံးဘဏ်အဖြစ် ရွေးချယ်ခဲ့ပြီး မြန်မာနိုင်ငံ၌ တရားဝင်ဆုချီးမြှင့်မှုအခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ Chartrium Hotel ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပသည်။

၂၀၁၄ ခုနှစ် အာရှဒေသဆိုင်ရာ နိုင်ငံအလိုက် စွမ်းဆောင်ရည် အကောင်းဆုံး "Best Bank in Myanmar (2014)" ကို မြန်မာနိုင်ငံအတွက် ကမ္ဘောဇဘဏ်က ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းဆုကို ဇူလိုင် ၁၇ ရက်က ဟောင်ကောင်တွင် ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း Euro money အဖွဲ့အစည်းမှ တာဝန်ရှိသူများက မြန်မာနိုင်ငံသို့ လာရောက်ကာ တရားဝင် ဆုချီးမြှင့်ခြင်း ဖြစ်သည်။

Euro money မှ ဆုများ ရွေးချယ်ရာတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်မှ အကောင်းဆုံး၊ အထူးချွန်ဆုံးဘဏ်များကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးရှိ ထုတ်ကုန်ပစ္စည်းအမျိုးအမည် ၂၀ ကိုလည်း ရွေးချယ်ကာ အကောင်းဆုံးဆုများ ချီးမြှင့်ခဲ့သည်။ ရွေးချယ်ပြီး ဆုစာရင်းများကို နှစ်စဉ်ဇူလိုင်လထုတ် Euro money မဂ္ဂဇင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင်လည်း ဖော်ပြသည်။

Euro money မဂ္ဂဇင်းမှ စာတည်း Clive Horwood က ကမ္ဘောဇဘဏ်သည် မြန်မာနိုင်ငံတွင် အကြီးဆုံး ပုဂ္ဂလိကပိုင်ဘဏ်ဖြစ်ပြီး အကောင်းဆုံးဘဏ်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း အမြတ်အများဆုံးဘဏ်ဖြစ်ပြီး လွန်ခဲ့သည့် နှစ်နှစ်အတွင်း အခွန်အများဆုံး ထမ်းဆောင်ခဲ့သောဘဏ်လည်းဖြစ်ကြောင်း၊ ဗဟိုဘဏ်မှ ကိန်းဂဏန်းအရ ငွေကြေးအများဆုံး ထုတ်ချေးခဲ့ကြောင်း၊ ချေးငွေပမာဏမှာ မြန်မာနိုင်ငံအတွင်း ဘဏ်ချေးငွေ၏ ၃၅ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြခဲ့သည်။

ကမ္ဘောဇဘဏ်သည် ဘဏ်ခွဲများ ဆက်တိုက်တိုးချဲ့ဖွင့်လှစ်ခြင်း၊ အသေးစားဘဏ် (Mini Bank) များ ဖွင့်လှစ်ခြင်း၊ အခြားဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးအတွက် ငွေကြေးအပေးအယူများတွင် ဝန်ဆောင်မှုပေးခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်းအတွက် ဝန်ဆောင်မှုပေးခြင်း၊ ပြည်ပရောက်မြန်မာနိုင်ငံသားများထံမှ အမိမြန်မာနိုင်ငံသို့ လုပ်ခလစာများ ပြန်လည်လွှဲပြောင်းပေးပို့ခြင်း၊ အဖိုးတန်စာရွက်စာတမ်းများ၊ လက်ဝတ်ရတနာပစ္စည်းများ လုံခြုံစိတ်ချစွာ သိမ်းဆည်းပေးသော ဘဏ္ဍာရေးဌာနအနေဖြင့် ဝန်ဆောင်မှုပေးခြင်း၊ နိုင်ငံခြားငွေကြေး ရောင်းဝယ်နိုင်သည့် ဝန်ဆောင်မှုပေးခြင်း စသည့် ဝန်ဆောင်မှုများကို တိုးချဲ့ခြင်း စသဖြင့် ဘဏ်၏အဘက်ဘက်မှ တိုးတက်မှုများ၊ အပ်ငွေပမာဏများ၊ ချေးငွေပမာဏများ၊ ဝန်ဆောင်ခများ တိုးတက်မှုများကြောင့် ၂၀၁၄ ခုနှစ်အတွက် ကမ္ဘောဇဘဏ်ကို မြန်မာနိုင်ငံ၏ အကောင်းဆုံးဘဏ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။



**သတင်း-ဝေယံဦး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အင်း)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကိုစက်တင်ဘာ ၁၃ ရက်က အထက ကျောက်ကြီးကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က လူကုန်ကူးမှုဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းနိုင်က လူကုန်ကူးသူမှန်သမျှ စုပေါင်း ကာကွယ်တိုက်ဖျက်ကြ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်လက်ထောက် ပညာရေးမှူးဦးမြင့်အေးက လူကုန်ကူးမှုတိုက်ဖျက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးကျော်သူက လူသားအချင်းချင်း စာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။

ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ NGOအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး ဆုရကျောင်းသား ကျောင်းသူများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# နိုင်ငံသားစိစစ်ရေးကတ်များ မြိတ်မြို့၌ ပေးအပ်

**မြိတ် စက်တင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စုတွင် မိုးပွင့်အဆင့်(၆)စီမံချက်အရ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက စက်တင်ဘာ ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ အိမ်ထောင်စုလူဦးရေစာရင်း ၁၆၅ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၂၂ ကတ်ကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုးဟိန်း(မြိတ်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**နမ့်စန်မြို့နယ် တရားရုံးတော်၌**

**၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၆**

မခင်မြင့် **နှင့်** မခိုင်(ခ)ဟုန်ကျင်းလျှံ

**တရားလို** **တရားပြိုင်**

နမ့်စန်မြို့၊ အိမ်အမှတ်(၄/၁၇၃)၊ သုခိတာရုံကျောင်းလမ်း၊ အမှတ်(၄)ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် သိန်း(၅၀)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် အမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်စန်းလင်း)**
**မြို့နယ်တရားသူကြီး**
**နမ့်စန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**နမ့်စန်မြို့နယ် တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၆**

ဦးတင်မုန်း **နှင့်** မခိုင်(ခ)ဟုန်ကျင်းလျှံ

**တရားလို** **တရားပြိုင်**

နမ့်စန်မြို့နယ်၊ အိမ်အမှတ် ၄/၁၇၃၊ သုခိတာရုံကျောင်းလမ်း၊ အမှတ်(၄)ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း ၂၀ ရလိုကြောင်း လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင် ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်စန်းလင်း)**
**မြို့နယ်တရားသူကြီး**
**နမ့်စန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**နမ့်စန်မြို့နယ်တရားရုံးတော်၌**

**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၇**

မလျှိုဝေချင်း **နှင့်** မခိုင်(ခ)ဟုန်ကျင်းလျှံ

**တရားလို** **တရားပြိုင်**

နမ့်စန်မြို့၊ အိမ်အမှတ်(၄/၁၇၃)၊ သုခိတာရုံကျောင်းလမ်း၊ အမှတ်(၄)ရပ်ကွက်၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၉၅ သိန်းရလိုမှု(သို့မဟုတ်)အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင် ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်စန်းလင်း)**
**မြို့နယ်တရားသူကြီး**
**နမ့်စန်မြို့နယ်တရားရုံး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၂၄၉၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၀/ကထန(နိုင်)၁၃၉၂၁၇က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင် လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၉ယ/၂၁၈၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးသူ ၁၀/ကထန(နိုင်) ၀၃၃၄၃၁က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

# ဘိန်းအစားထိုးသီးနှံပျိုးပင်များ ကျေးရွာအရောက်ပေးအပ်

**နမ့်စန် စက်တင်ဘာ ၁၇**

ဘိန်းစိုက်ပျိုးမှု လျော့ကျရေးအတွက် ဘိန်းအစားထိုးသီးနှံပျိုးပင်ပေးအပ်ပွဲကို ရှမ်းပြည်နယ် နမ့်စန်မြို့နယ် ဟိုက်ဖတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၁၄ရက်က ကျင်းပခဲ့သည်။

ပျိုးပင်ပေးအပ်ပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ်၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်၍ နမ့်စန်မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရက အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်အေးမို့မို့ထွန်းက ဘိန်းအစားထိုးသီးနှံ နှစ်ရှည်ပင်စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးနည်းစနစ်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟိုက်ဖတ်ကျေးရွာအုပ်စုရှိ တောင်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်မျိုးစေ့တာဝန်ခံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းစောမြနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးလှထွန်းတို့က ဘိန်းအစားထိုး နှစ်ရှည်ပျိုးပင်များကို ပေးအပ်ခဲ့သည်။




အဆိုပါ ဘိန်းအစားထိုးသီးနှံ နှစ်ရှည်ပျိုးပင်ပေးအပ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရနှင့် စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဟိုက်ဖတ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရှစ်ရွာမှ တောင်သူ ၁၈၀ ခန့် တက်ရောက်ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်သည် စပါး၊ ပြောင်း၊ နာနတ်၊ မြေပဲ၊ ချင်း၊ ပဲစင်းငုံ စသည့် စားကုန်သီးနှံများကို စိုက်ပျိုးမြေဧရိယာ ကျယ်ဝန်းသည်နှင့်အမျှ အများဆုံးစိုက်ပျိုးကြပြီး လွိုင်လင်ခရိုင်၏ သီးနှံထွက်ကုန်ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရာ စပါးကျီတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်း ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် အစိုးရနှင့် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နမ့်စန်မြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှု လျော့ကျရေးအတွက် ယခုကဲ့သို့ ဘိန်းအစားထိုးသီးနှံပျိုးပင်များ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## သတင်းတိုများ

### ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မူဆယ်**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနားကို မူဆယ်မြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၃ ရက်က ကျင်းပရာ နယ်စပ်ဒေသတွင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေသူများကို ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်နေမှု မှတ်တမ်းတင်ဓာတ်ပုံပြခန်းဖွင့်ပြသပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ၁၈၈၅ ခုနှစ် ကြက်ခြေနီအသင်းကြီး စတင်ပေါ်ပေါက်လာပုံကို ရှင်းလင်းတင်ပြခဲ့ကာ ထူးချွန်ကြက်ခြေနီအသင်းဝင်များအား ဆုများချီးမြှင့်ခဲ့ကြသည်။

**အယ်လ်စိုး(iprd)**

**မြိတ်**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်နှင့် ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်သူများအား ဆုချီးမြှင့်ပွဲကို မြိတ်ခရိုင် ကြက်ခြေနီအသင်းကကြီးမှူး၍ မြိတ်မြို့ ကန်ခေါင်းရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ စက်တင်ဘာ ၁၄ ရက်က ကျင်းပခဲ့ရာ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်ဥက္ကဋ္ဌကပေးပို့သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး ကြက်ခြေနီတပ်ဖွဲ့များမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများ၊ ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်သူများအား ဆုများနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်ခဲ့သော ရှေးဦးပြုစုခြင်း သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ခဲ့သည်။

**မိုးဟိန်း(မြိတ်)**

# တောင်ငူမြို့အနီး လူတစ်ဦး ရထားကြိတ်ခံရ

**တောင်ငူ စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကံရိုးကျေးရွာအနီး ရထားလမ်းပေါ်၌ စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီခန့်က အမျိုးသားတစ်ဦး ရထားကြိတ်ခံရပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ တောင်ငူမြို့နယ် ညောင်သုံးပင်ကျေးရွာနေ ကျော်မင်း(၃၁ နှစ်)ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက် နံနက် ၂ နာရီခွဲခန့်က စက်ခေါင်းမောင်း ဦးကျော်စိုး မောင်းနှင်သည့် အမှတ်(၇)အစုန်အမြန်ရထားနှင့် မီးရထားလမ်းမိုင်တိုင်အမှတ် (၁၆၈/၁၆)နှင့် (၁၆၈/၁၇)အကြားတွင် တိုက်မိ၍ သေဆုံးခဲ့ခြင်းဖြစ်ပြီး တောင်ငူမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အပေါ့စားမီးသတ်စက်နှင့် ရေစုပ်စက်များ ထောက်ပံ့ပေးအပ်

**တမူး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အခမဲ့ပေးအပ်သော အပေါ့စားမီးသတ်စက်နှင့် ရေစုပ်စက်များ ပြန်လည်ပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တမူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုထွေးက တမူးခရိုင်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် အခမဲ့ထောက်ပံ့ပေးအပ်သည့် လယ်ယာသုံးစက်ကိရိယာ ရေစုပ်စက်များကို လယ်ယာကဏ္ဍအထောက်အကူဖြစ်စေရန်နှင့် စိုက်ပျိုးရေးအခက်အခဲဖြစ်သော ကျေးရွာများတွင် အသုံးပြုနိုင်စေရန်ရည်ရွယ်၍ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး မီးသတ်စက်များ ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် မီးသတ်စက်နှင့် ရေစုပ်စက်များကို တမူးခရိုင်အတွင်းရှိ တမူး၊ ခမ်းပတ်၊ မြို့သစ်မြို့နယ်များမှ ကျေးရွာများသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

**ချင်းတွင်းသား(iprd)**




# သထုံတွင် ရော်ဘာခြစ်လုပ်ငန်းကျွမ်းကျင်လုပ်သားများ ရှားပါးနေ

**သထုံ စက်တင်ဘာ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးသူများ ခြစ်လုပ်ငန်းများ စတင်ရန်ပြင်ဆင်နေကြပြီဖြစ်သော်လည်း အစေးခြစ်ကျွမ်းကျင် ခြစ်လုပ်သားများ ငှားရမ်းရန် ယမန်နှစ်များထက် ပိုမို ခက်ခဲလာကြောင်း ရော်ဘာခြစ်လုပ်ငန်းရှင်များထံမှ သိရသည်။

